# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ စနေနေ့။ Saturday, 8 March 2025 ၁၁၇၅၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko က ဂုဏ်ပြုကြိုဆို

နေပြည်တော် မတ် ၇

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံသမ္မတက သမ္မတနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ကြေးမုံ

# ယုံကြည်စိတ်ချရသောမိတ်ဆွေနိုင်ငံနှင့် အခွင့်အလမ်းများတိုးမြှင့်ဖော်ဆောင်

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာမြန်မာသံရုံး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် Myanmar Airways International (MAI)၊ Roscongress Foundation၊ Fund RC-Investments၊ Russia-ASEAN Business Councilနှင့် Russia - Myanmar Business Council တို့ပူးပေါင်းကျင်းပသည့် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်ကို မတ်လ ၅ ရက်နေ့က မော်စကိုမြို့၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ယခု ရုရှား-မြန်မာ စီးပွားရေးဖိုရမ်မကျင်းပမီ မြန်မာနိုင်ငံ၌ ပဉ္စမအကြိမ်မြောက် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေး၏ သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီအစည်းအဝေး၊ သဘောတူစာချုပ်များလက်မှတ်ရေးထိုးခြင်းနှင့် စီးပွားရေးဖိုရမ်ကို အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့သည်။ အဆိုပါကော်မရှင်အစည်းအဝေးမှတစ်ဆင့် ဆွေးနွေးမှုရလဒ်များအဖြစ် ဥပဒေမူဘောင်များ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ်လုပ်ငန်းနှင့်ငွေကြေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ခရီးသွားလုပ်ငန်း၊ ပညာရေး၊ သိပ္ပံနှင့်ကျန်းမာရေးစောင့်ရှောက်မှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်အကောင်အထည်ဖော်နိုင်ခဲ့သည်။

မြန်မာနိုင်ငံဘက်မှ ခိုင်မာအားကောင်းသည့် ဥပဒေမူဘောင်များ ချမှတ်နိုင်ခဲ့ခြင်းနှင့်အတူ ယခုကျင်းပပြုလုပ်သော ရုရှား-မြန်မာ စီးပွားရေးဖိုရမ်တွင်လည်း ရလဒ်တစ်ခုအနေဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၏ ကြိုးပမ်းအားထုတ်မှုနှင့် ညှိနှိုင်းဆွေးနွေးမှုတို့အရ အောင်မြင်မှုများ ရရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုကို ပြည်တွင်းနှင့်ချိတ်ဆက်နိုင်ရန် မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးစကြံလမ်းများတစ်လျှောက် လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အလမ်းများစွာနှင့်အတူ ရုရှားနိုင်ငံကို မြန်မာနိုင်ငံက ဖိတ်ခေါ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် မြန်မာ-ရုရှား စီးပွားရေးဖိုရမ်တွင် မဟာဗျူဟာကျသော ပင်လယ်ထွက်ပေါက်ဖြစ်သည့် ထားဝယ်အထူးစီးပွားရေးဇုန်ကို အဆင့်မြှင့်တင်ထူထောင်နိုင်ရန် ရုရှားနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုကို ခြေလှမ်းသစ်အဖြစ် စတင်နိုင်ခဲ့သည်။ ယခုကျင်းပပြုလုပ်သည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည့်အခမ်းအနားတွင် နှစ်နိုင်ငံအကြားအစိုးရအချင်းချင်းသာမက နှစ်နိုင်ငံ ပုဂ္ဂလိကကဏ္ဍအချင်းချင်းအကြား ဆက်သွယ်မှုကွန်ရက်ကို ပိုမိုတိုးချဲ့နိုင်မည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မည့် အခွင့်အလမ်းများ ရရှိခဲ့သည်ကို တွေ့မြင်ရပါသည်။

တည်နေရာနှင့်အနေအထားအရ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အနည်းငယ် ဝေးကွာသည့်နေရာတွင်တည်ရှိသော်လည်း ယခုအခမ်းအနားမှတစ်ဆင့် စီးပွားရေးဆိုင်ရာ နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၌ ကနဦးအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်သည့်အတွက် ဝမ်းမြောက်မိသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးအခြေပြု အဆင့်မြင့်နည်းပညာ လွှဲပြောင်းမှုအပိုင်းနှင့်ပတ်သက်၍ အလေးထားပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးနိုင်ခဲ့သည်။

ထို့ပြင် စက်မှုကဏ္ဍနှင့်စွမ်းအင်ကဏ္ဍတို့တွင်လည်း နည်းပညာအသစ်များဖြင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ အခြေခံအဆောက်အအုံကဏ္ဍတွင် မြန်မာနိုင်ငံ၏ လိုအပ်ချက်နှင့်အညီ တောင်တန်းကုန်းမြင့်များနှင့် ရှည်လျားလှသည့် ကမ်းရိုးတန်းတစ်လျှောက်တွင် ဂေဟစနစ်ကိုထိခိုက်မှုမရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အထူးသဖြင့် နေစွမ်းအင်၊ လေစွမ်းအင်၊ ရေအားလျှပ်စစ်တို့ကို ထုတ်ယူနိုင်မည့် စီမံကိန်းများကို မကြာမီကာလအတွင်း ရုရှားနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရန် ကမ်းလှမ်းထားသည်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတစ်ရပ်အနေဖြင့် ငွေပေးချေမှုဆိုင်ရာနည်းလမ်းများကို အစပြုချိတ်ဆက်ထားနိုင်ပြီဖြစ်သဖြင့် ကုန်သွယ်မှုကို ယခင်ကထက် လွယ်ကူချောမွေ့စွာ မြှင့်တင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မိတ်ကောင်းဆွေကောင်းနိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် အထူးစိတ်ဝင်စားသည့် စွမ်းအင်ကဏ္ဍ၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ စသည့်ကဏ္ဍပေါင်းစုံတွင် အစိုးရအချင်းချင်းချိတ်ဆက်ဆောင်ရွက်ခြင်းအားဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကြားတွင် လုပ်သာကိုင်သာရှိသည့် အခွင့်အလမ်းများ တိုးမြှင့်ဖော်ဆောင်ပေးသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေး ဆွေးနွေးပွဲကျင်းပ

တောင်ကြီး မတ် ၇

ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေး ဆွေးနွေးပွဲကို ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် သမဝါယမကျင့်ဝတ်၊ အနှစ်သာရနှင့် မြန်မာ့သမဝါယမအခြေခံမူများအား သမဝါယမဦးစီးဌာန ဝန်ထမ်းများက နှစ်သက်ရာခေါင်းစဉ်အလိုက် ဦးဆောင်ဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများ ဆောင်ရွက်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်နယ်သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး အပတ်စဉ် ကြာသပတေးနေ့တိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၇ - ၃ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၄၇၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇ - ၃ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၁၀၀ | ၁၀၀ | ၇၁၀,၀၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၃,၃၃၄ | ၉,၉၉၆,၈၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၂၅ | ၁၉၂,၅၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁၇ | ၃၀,၆၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၃၀၁ | ၈၅၇,၈၅၀ |
| EFR | ၁,၅၅၀ | ၁,၆၀၀ | ၁,၅၃၅ | ၂,၄၀၄,၇၅၀ |
| AMATA | ၃,၉၅၀ | ၄,၀၀၀ | ၂၁၀ | ၈၃၀,၀၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၄၅၁ | ၁,၄၄၃,၂၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၀၀ | ၂၇ | ၈၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ တွေ့ဆုံဆွေးနွေးစဉ်။


☆ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ချစ်ကြည်ရေးအဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့်နေရာသို့ ရောက်ရှိရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတက ကြိုဆိုနှုတ်ဆက်ပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြသည်။ ထိုအချိန်တွင် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတော်သီချင်းတို့အား တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။ ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများအား အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ တို့သည် သီးသန့်တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံရာတွင် ဦးစွာ ဘယ်လာရုစ်နိုင်ငံသမ္မတက ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် ဖွံ့ဖြိုးလာမည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံ သဘောတူညီချက်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုအဆွေတော်၏ ချစ်ကြည်ရေးခရီးစဉ်မှ တစ်ဆင့် လုပ်ငန်းများ အောင်မြင်မှုရှိစေရေး ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ပူးပေါင်း ဆောင်ရွက်မှုများ ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ယခုကဲ့သို့ မိမိတို့နိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်သည့် အတွက်လည်း ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိအနေဖြင့် ဘယ်လာရုစ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်မှာ ယခုအခါ ဒုတိယအကြိမ် လာရောက်ခြင်း ဖြစ်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်မှုများကိုလည်း မျက်မြင်တွေ့မြင်ရပါကြောင်း၊ မိမိအား ယခုကဲ့သို့ နိုင်ငံတော်အဆင့် ဂုဏ်ပြုကြိုဆိုမှု အတွက်လည်း ကျေးဇူးတင်ရှိ ပါကြောင်း၊ အဆွေတော်အနေဖြင့် ပြီးခဲ့သည့် ရွေးကောက်ပွဲ ကာလအတွင်း အနိုင်ရရှိခဲ့မှု အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူ ပါကြောင်း၊ မိမိအနေဖြင့် ယခင်လာရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ဘယ်လာရုစ်နိုင်ငံ၏ စိုက်ပျိုးရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုများနှင့် တိုးတက်မှုများကို တွေ့ရှိခဲ့ရပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ဘယ်လာရုစ်နိုင်ငံနှင့် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြားတွင် နှစ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုများရှိနိုင်မည် ဖြစ်ပါကြောင်း၊ မြန်မာ-ဘယ်လာရုစ် စီးပွားရေး ဖိုရမ်ကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ မိမိဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေး ခရီးစဉ်အဖြစ် ဖိတ်ကြားခဲ့မှု အပေါ်တွင်လည်း ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ယင်းနောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ အားကစားစသည့် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာအားကောင်းလာမည့် အခြေအနေများ၊ မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတက အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ နေ့လည်စာသုံးဆောင်နေစဉ်အတွင်း ဘယ်လာရုစ်နိုင်ငံ သံစုံတီးဝိုင်းက နှစ်နိုင်ငံ တေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko က ဘယ်လာရုစ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးစဉ်။



မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံပွဲကျင်းပစဉ်။

# မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် မတ် ၇**

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ချစ်ကြည်ရေးအဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ အလှမ်းကွာဝေးသော်လည်း သံတမန်ဆက်ဆံရေးနှင့် ကာကွယ်ရေးပိုင်းဆိုင်ရာ ဆက်ဆံရေးများရှိသည့် နိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုရှိသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည့် အခြေအနေများ၊ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြားနားလည်မှုစာချွန်လွှာများရေးထိုးမည့် အခြေအနေများ၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပနိုင်မှုအခြေအနေများ၊ နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။


စာမျက်နှာ ၅ သို့ ☆

**နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ မီဒီယာများအား နှစ်နိုင်ငံ ပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားကြစဉ်။

ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ် သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးတို့ နှစ်နိုင်ငံအစိုးရများအကြား ပူးပေါင်း ဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာများကို လဲလှယ်ကြစဉ်။



★ စာမျက်နှာ ၄ မှ

ယင်းနောက် နှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့က နှစ်နိုင်ငံအကြား အစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာများ၊အားကစားကဏ္ဍ၊ခရီးသွားကဏ္ဍ၊ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများကိုလဲလှယ်ကြသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန် ပြောကြားကြသည်။ **(နှစ်နိုင်ငံပူးတွဲကြေညာချက်များ အပြန်အလှန်ပြောကြားမှုများကို စာမျက်နှာ ၆ ၊ ၇ တွင် ဖော်ပြထားပါသည်။)**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko အား အဂ္ဂမဟာသရေစည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းသည်။

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံတွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါသွားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက မီဒီယာ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko အား အဂ္ဂမဟာသရေစည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၇**

ဘယ်လာရုစ်သမ္မတ နိုင်ငံ မင့်စ်မြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် မင့်စ်မြို့ရှိ အမျိုးသားလွှတ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လွှတ်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko တို့ တွေ့ဆုံဆွေးနွေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမျိုးသားလွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံ လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဘယ်လာရုစ်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ လာရောက်လေ့လာခဲ့မှုနှင့် မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပချိန်တွင် ဘယ်လာရုစ်နိုင်ငံမှ လေ့လာစောင့်ကြည့်ရေးအဖွဲ့များစေလွှတ်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



**လှည့်လည်ကြည့်ရှုလေ့လာ**

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားလွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko က လိုက်လံရှင်းလင်းပြသစဉ်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ မီဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန်ပူးတွဲကြေညာချက်များနှင့် ပြောကြားချက်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များ အပြန်အလှန်ပြောကြားစဉ်။

**ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ**
**H.E. Mr. Alexander Gregoryevich Lukashenko**

လေးစားအပ်ပါသောအဆွေတော် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြသော ဧည့်သည်တော်များခင်ဗျာ၊ ကျွန်တော်ဒီနေ့နှစ်နိုင်ငံတွေ့ဆုံမှုနဲ့ ပတ်သက်ပြီးတော့ စီးပွားရေးအခန်းကဏ္ဍ၊ အခြားကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးနဲ့ပတ်သက်ပြီးတော့ များစွာဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ဒီနေ့တွေ့ဆုံပွဲမှာဆိုရင်တော့ ကျွန်တော်တို့ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို တိတိကျကျဆွေးနွေးခဲ့တာရှိပါတယ်။ လူသားချင်းစာနာ ထောက်ထားရေးဆိုင်ရာအခန်းကဏ္ဍရပ်များနဲ့ ပတ်သက်လို့လည်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအခန်းကဏ္ဍများနဲ့ ပတ်သက်လို့လည်း ဆွေးနွေးခဲ့တာရှိပါတယ်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်တွေကို အောင်အောင်မြင်မြင်လုပ်နိုင်ဖို့အတွက် ဒီနေ့နှစ်နိုင်ငံကျွန်တော်တို့ မဟာဗျူဟာကျကျ အစီအစဉ်ရေးဆွဲဖို့လည်း သဘောတူညီမှုရခဲ့ပါတယ်။ ကျွန်တော်တို့ အနေနဲ့ မြန်မာနိုင်ငံမှာထွက်ရှိတဲ့ စားသောက်ကုန်လုပ်ငန်းတွေက ကမ္ဘာမှာ စားနပ်ရိက္ခာဖူလုံရေးနဲ့ပတ်သက်ပြီးတော့ အထောက်အကူပြုနိုင်ဖို့အတွက် ကျွန်တော်တို့ဘက်ကလည်း နည်းပညာနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေမှာစိုက်ပျိုးရေးအခန်းကဏ္ဍ၊ ဆေးဝါးအခန်းကဏ္ဍနဲ့ စားနပ်ရိက္ခာထုတ်လုပ်ရေးအခန်းကဏ္ဍတွေနဲ့ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မနေ့က Business Forum မှာ အဆိုပါကိစ္စရပ်နဲ့ အဆိုပါ အခန်းကဏ္ဍတွေနဲ့ပတ်သက်ပြီးတော့လည်း နှစ်နိုင်ငံ နှစ်ဦးနှစ်ဖက်တာဝန်ရှိသူတွေကလည်း တိတိကျကျ ဆွေးနွေးပြီးဖြစ်ပါတယ်။ ဒီဆွေးနွေးမှုတွေနဲ့ ပတ်သက်လို့ ဒီကဏ္ဍတွေနဲ့ပတ်သက်လို့လည်း ဘယ်လာရုစ်နိုင်ငံမှာ နည်းပညာနဲ့ပတ်သက်ပြီး မြင့်မားတဲ့ နည်းပညာတွေလည်းရှိပါတယ်။ ဒီနှစ်အတွင်းမှာ ကျွန်တော်တို့နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ကော်မရှင်ကိုလည်း ပြန်လည်ပြီးတော့ အစည်းအဝေးလုပ်နိုင်ဖို့လည်း ကျင်းပသွားမှာဖြစ်ပါတယ်။ နှစ်နိုင်ငံသိပ္ပံနဲ့နည်းပညာ အခန်းကဏ္ဍတွေနဲ့ ပတ်သက်လို့လည်း ကော်မတီဖွဲ့ပြီးတော့ ဆောင်ရွက်သွားဖို့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို မြှင့်တင်ဖို့အတွက် မြန်မာနိုင်ငံကကျောင်းသားတွေ လာရောက်ပညာသင်ကြားတဲ့အချိန်မှာ အစစအရာရာအစဉ်ပြေဖို့ ဘယ်လာရုစ်နိုင်ငံကလည်း အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ယခုနှစ်မှာ မြန်မာနိုင်ငံကနေပြီးတော့ ပထမဆုံး ကလေးသူငယ်တွေ ပါဝင်တဲ့ Group တစ်ခုကို ဘယ်လာရုစ်နိုင်ငံ ဆူးပရှူးနေ့ အပန်းဖြေစခန်းကိုလာရောက်ဖို့ အတွက်လည်း ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မကြာမီအချိန်အတွင်းမှာ ဘယ်လာရုစ်နိုင်ငံကဝန်ကြီးများ၊ တာဝန်ရှိတဲ့ အဆင့်မြင့်ပုဂ္ဂိုလ်တွေက မြန်မာနိုင်ငံကိုသွားရောက်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံကနေပြီးတော့လည်း ကျွန်တော်တို့ Specialists တွေ၊ သက်ဆိုင်ရာ တာဝန်ရှိသူတွေက ဘယ်လာရုစ်နိုင်ငံကိုလာရောက်မှာဖြစ်ပါတယ်။ ဒီလိုမျိုးခရီးစဉ်တွေ အပြန်အလှန်သွားရောက်ပြီးတော့ တစ်နိုင်ငံလုံးမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရနိုင်တဲ့အခွင့်အလမ်းတွေကို လေ့လာပြီးအကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ပါတယ်။ သိပ်မကြာခင်မှာ ကျွန်တော်နဲ့အဆွေတော်ဝန်ကြီးချုပ်နဲ့ နှစ်ယောက်တည်း ထိုင်တဲ့အချိန်မှာလည်းကျွန်တော်တို့ ဆွေးနွေးခဲ့တဲ့ အချက်တွေရှိပါတယ်။ ကျွန်တော်မြင်တာကတော့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ပိတ်ပင်တားဆီးထားတဲ့ ဒီအချက်တွေမရှိပါဘူး။ အားလုံးက အမြဲတမ်းနှစ်ဦးနှစ်ဖက်လုံး တံခါးဖွင့်ပြီးတော့ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးနဲ့ စီးပွားရေးအခန်းကဏ္ဍကို အကောင်းဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်လို့လည်းမျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီးတော့ ယခုဒီနေ့ဆွေးနွေးမှုမှာ ဆွေးနွေးခဲ့တဲ့ အချက်အလက်တွေ အများကြီးရှိသလို မနေ့က Business ဖိုရမ်မှာလည်း ဆွေးနွေးခဲ့တဲ့အချက်အလက်တွေလည်းရှိပါတယ်။ ဒီအချက်အလက်တွေနဲ့ ပတ်သက်ပြီးတော့ပူးပေါင်းဆောင်ရွက်ရေးနဲ့ပတ်သက်ပြီးတော့ နားလည်မှုစာချွန်လွှာတွေ၊ စာချုပ်တွေကိုလည်း အမြန်ဆုံးချုပ်ဆိုနိုင်ဖို့အတွက် အမြန်ဆုံးကြိုးစားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်ရဲ့မိတ်ဆွေ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ယခုခရီးစဉ်မှာ ပွင့်ပွင့်လင်းလင်းနဲ့ ဆွေးနွေးသွားတဲ့အတွက်ရော စိတ်ဆန္ဒရှိတဲ့အတိုင်း အားလုံးကို ပွင့်ပွင့်လင်းလင်းပြောသွားတဲ့အတွက်လည်း ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ အဆွေတော်ကို ထပ်လောင်းကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ အဲဒါကတော့ကျွန်တော့်ကို မြန်မာနိုင်ငံကိုဖိတ်ခေါ်တဲ့အတွက်ကျေးဇူးတင်ပါတယ်။ မကြာမီအချိန်အတွင်းမှာ အဆွေတော်နဲ့ကျွန်တော် အဆွေတော်ရဲ့နိုင်ငံမှာတွေ့ဆုံနိုင်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်ဦးနှစ်ဖက်ကဒီလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အကောင်းဆုံးနဲ့ ပံ့ပိုးမယ်ဆိုလို့ရှိရင် နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အခုလိုမျိုး ဒီနေ့တွေ့ဆုံပွဲမှာ အချိန်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း အမြဲတမ်းအဆွေတော်ကို ဝမ်းပန်းတသာ ကြိုဆိုနေကြောင်းလည်း ပြောကြားလိုပါတယ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး**
**မင်းအောင်လှိုင်**

ဒီအခမ်းအနားကို ကြွရောက်လာကြတဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko နဲ့ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မီဒီယာအဖွဲ့ဝင်များ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ သမ္မတကြီးနဲ့ အစိုးရအဖွဲ့ဝင်တွေကိုလည်း ကျွန်တော့်ရဲ့ ဒုတိယခရီးစဉ်မှာ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခွင့်ရခဲ့ပါတယ်။ ဒီအတွက်လည်း အောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်ကြောင်းပြောလိုပါတယ်။ ဒီလို ဘယ်လာရုစ်-မြန်မာချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မာစေဖို့၊ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေဖို့ အထူးအားပေးဆောင်ရွက်ခဲ့တဲ့ အဆွေတော်သမ္မတကြီးနဲ့ တာဝန်ရှိသူများ၊ ဘယ်လာရုစ်ပြည်သူများ၊ ပြည်သားများအားလုံး ယခုထက်ပိုမိုအင်အားတောင့်တင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ ဒီနေ့နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးမှုမှာ ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့တဲ့အတိုင်းပဲ နှစ်နိုင်ငံ စီးပွားရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနဲ့ နည်းပညာ၊ ယဉ်ကျေးမှု၊ ကာကွယ်ရေးစတဲ့ ကဏ္ဍပေါင်းစုံ ဆက်ဆံရေးကိုလည်း ဆက်လက်မြှင့်တင်ဆောင်ရွက်သွားပါမယ်။ အစိုးရအချင်းချင်း ဆက်ဆံရေးသာမက ပြည်သူချင်းဆက်ဆံရေးကိုလည်း တိုးချဲ့ဆောင်ရွက်သွားပါမယ်။ ဒီနှစ်နိုင်ငံနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုတွေကိုဆောင်ရွက်နိုင်ဖို့အတွက် အစိုးရတာဝန်ရှိသူတွေသာမက တက်ရောက်နေကြတဲ့ မီဒီယာတွေရဲ့ကဏ္ဍကလည်း အရေးကြီးပါတယ်။ ဒါကြောင့် ဒါကိုလည်း ပူးပေါင်းဆောင်ရွက်ပေးဖို့မေတ္တာရပ်ခံလိုပါတယ်။

စာမျက်နှာ ၇ သို့ ❍

○ စာမျက်နှာ ၆ မှ

ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှထဲမှာ ကုန်းတွင်းနိုင်ငံထဲမှာ အကြီးဆုံးနိုင်ငံတစ်ခု ဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီး နှစ်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံကြားမှာ ဆက်စပ်ပြီးတည်ရှိနေတဲ့ နိုင်ငံဖြစ်သလို အရှေ့တောင်အာရှနဲ့ တောင်အာရှအကြားမှာလည်း ပေါင်းကူးတံတားသဖွယ်ရှိနေတဲ့နိုင်ငံလည်းဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ လမ်းပန်းဆက်သွယ်ရေးအတွက် ကောင်းမွန်တဲ့ ရေ၊ မြေ၊ ရာသီဥတုကိုပိုင်ဆိုင်ထားတဲ့နိုင်ငံလည်းဖြစ်ပါတယ်။ ကမ္ဘာမှာဆန်တင်ပို့မှု အဓိကတင်ပို့တဲ့ ထိပ်တန်းနိုင်ငံအထဲမှာပါသလို ကမ္ဘာမှာ ပဲတင်ပို့မှုမှာ ဒုတိယအမြင့်ဆုံးနိုင်ငံတစ်ခု ဖြစ်ပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းလုပ်ဖို့လည်း မြေပမာဏများစွာကျယ်ဝန်းတဲ့ နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးနဲ့ လုံခြုံရေးအတွက် ပံ့ပိုးနိုင်တဲ့နိုင်ငံဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ဒါကြောင့် ဘယ်လာရုစ်နိုင်ငံရဲ့ ခေတ်မီတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းစနစ်တွေ၊ ယန္တရားတွေ၊ အထောက်အကူပြုစနစ်တွေနဲ့ လက်တွေ့ပေါင်းစပ်ကျင့်သုံးသွားမယ်ဆိုရင် မြန်မာနိုင်ငံအတွက် သာမက နှစ်ဖက်စလုံးမှာ အကျိုးရှိတဲ့ရလဒ်တွေ ခံစားရမယ်လို့ ကျွန်တော် အပြည့်အဝယုံကြည်ပါတယ်။ မိုင်ပေါင်း ၁၃၀၀ ကျော်လောက်ရှည်တဲ့ ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်မှာလည်း အဓိကကျတဲ့ ရေနက်ဆိပ်ကမ်းတွေလည်း ကျွန်တော်တို့ရှိပါတယ်။ အထူးသဖြင့် ထားဝယ်၊ သီလဝါနဲ့ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းသုံးခုတို့မှာလည်း ရင်းနှီးမြှုပ်နှံဖို့အတွက် အခွင့်အလမ်းကောင်းတွေရှိတဲ့အကြောင်း ပြောလိုပါတယ်။ ဒါကြောင့် ဘယ်လာရုစ်နိုင်ငံက နယ်ပယ်ကဏ္ဍစုံနဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်ပါကြောင်းပြောလိုပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံဟာ နိုင်ငံချင်းဆက်ဆံရေးသာမကဘဲ နိုင်ငံတကာမျက်နှာစာမှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေတိုးချဲ့ဆောင်ရွက်သွားပါမယ်။ နိုင်ငံတကာမျက်နှာစာမှာ ဘယ်လာရုစ်နိုင်ငံ၊ ဘယ်လာရုစ်ပြည်သူတွေက ကျွန်တော်တို့နိုင်ငံအပေါ်မှာလည်း ရပ်တည်ပေးတဲ့အတွက်ကြောင့် ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။ ကျွန်တော်တို့ဟာ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲမသမာမှုဖြစ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံတော်ကို အရေးပေါ်ကြေညာပြီး ခေတ္တတာဝန်ယူထားတာဖြစ်ပါတယ်။ ဒါ့ကြောင့် မကြာခင်မှာလည်း ဥပဒေနဲ့အညီ ရွေးကောက်ပွဲကျင်းပသွားဖို့ရှိပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (သို့မဟုတ်)၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ အစောဆုံးကျင်းပသွားဖို့ စီစဉ်ထားကြောင်းပြောလိုပါတယ်။ ရွေးကောက်ပွဲဝင်ဖို့အတွက်လည်း ပါတီပေါင်း ၅၃ ခုက စာရင်းပေးသွင်းထားပြီး ဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပမှုနဲ့ပတ်သက်ပြီး ဘယ်လာရုစ်နိုင်ငံရဲ့ လေ့လာရေးအဖွဲ့များကိုလည်း လာရောက်ကြည့်ရှုနိုင်ဖို့အတွက် ဖိတ်ကြားလိုပါတယ်။ ဒီမှာတစ်ဆက်တည်းမှာပဲ အဆွေတော်သမ္မတကြီးရဲ့ ဘယ်လာရုစ်နိုင်ငံအပေါ်မှာ အစစအရာရာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မှုများအတွက်လည်း အထူးပဲဂုဏ်ပြုကြောင်း ပြောလိုပါတယ်။

**❝ ကျွန်တော်တို့ဟာ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ မဲမသမာမှုဖြစ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံတော်ကို အရေးပေါ်ကြေညာပြီး ခေတ္တတာဝန်ယူထားတာဖြစ်ပါတယ်။ ဒါ့ကြောင့် မကြာခင်မှာလည်း ဥပဒေနဲ့အညီ ရွေးကောက်ပွဲကျင်းပသွားဖို့ရှိပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (သို့မဟုတ်) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ အစောဆုံးကျင်းပသွားဖို့ စီစဉ်ထားကြောင်းပြောလိုပါတယ်။ ရွေးကောက်ပွဲဝင်ဖို့အတွက်လည်း ပါတီပေါင်း ၅၃ ခုက စာရင်းပေးသွင်းထားပြီး ဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပမှုနဲ့ပတ်သက်ပြီး ဘယ်လာရုစ်နိုင်ငံရဲ့ လေ့လာရေးအဖွဲ့များကိုလည်း လာရောက်ကြည့်ရှုနိုင်ဖို့အတွက် ဖိတ်ကြားလိုပါတယ် ❞**

အဆွေတော်ရဲ့ဦးဆောင်မှုနဲ့ ဘယ်လာရုစ်နိုင်ငံဟာ ကမ္ဘာ့ထိပ်တန်း နိုင်ငံတစ်ခုဖြစ်မယ်လို့လည်း ကျွန်တော်ယုံကြည်ထားပါတယ်။ အဆွေတော်သမ္မတကြီးကို မြန်မာနိုင်ငံမှာလည်း ထပ်မံတွေ့ဆုံဖို့လည်း ကျွန်တော် အပြည့်အဝမျှော်လင့်ထားပါတယ်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်အားလုံး ခိုင်ခိုင်မာမာနဲ့ ပြည့်ပြည့်စုံစုံအောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ**
**H.E. Mr. Alexander Gregoryevich Lukashenko**

ကျွန်တော့်အနေနဲ့ အခုလိုမျိုးဖိတ်ကြားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံကိုလည်း လာရောက်မှာဖြစ်ပါတယ်။ အဆွေတော် အဆိုပြုသွားတဲ့ အတိုင်းပဲ ရွေးကောက်ပွဲမှာလည်း လေ့လာရေး စောင့်ကြည့်သူတွေကို ကျွန်တော်တို့ လွှတ်ပေးမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ခုလေး အကြံပြုလိုတာကတော့ အဆွေတော်ကို အကြံပြုစရာလေးတစ်ခုရှိပါတယ်။ အဲဒါကတော့ အဆွေတော်အနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မိမိနိုင်ငံသားတွေအတွက် အဆွေတော်အနေနဲ့ ကောင်းမယ်ထင်တဲ့အရာဆိုရင် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် ကျွန်တော် အကြံပြုလိုပါတယ်။ အဆွေတော်အနေနဲ့ အကောင်အထည်ဖော်တဲ့အချိန်မှာ တချို့လူတွေကတော့ မကြိုက်တဲ့လူတွေကတော့ ရှိကောင်းရှိမှာပါ။ Sanctions တွေလည်းဖြစ်ကောင်းဖြစ်လာနိုင်ပါတယ်။ ကျွန်တော်တို့မှာရော အဆွေတော်မှာရောရှိနေတဲ့ Sanctions တွေကလည်း ထပ်ပြီးတော့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ Sanctions ဆိုတာက အခွင့်အလမ်းကောင်းလို့ ကျွန်တော်သတ်မှတ်ပါတယ်။ ဒီလိုမျိုး Sanctions ချထားတဲ့အချိန်မှာ အခွင့်အလမ်းကောင်းလို့ သတ်မှတ်တဲ့အတွက် ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်ပြီးတော့ ပိုမိုစည်းစည်းလုံးလုံးနဲ့ ဆောင်ရွက်မယ်ဆိုရင်တော့ အကောင်းဆုံး အကောင်အထည်ဖော်နိုင်မှာပါ။ ကျေးဇူးအများကြီးတင်ပါတယ်။ အခုလိုမျိုး ဘယ်လာရုစ်နိုင်ငံကို လာရောက်တဲ့အတွက်ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

Sanctions လုပ်တယ်ဆိုလို့ရှိရင် Sanctions လို့ခေါ်တဲ့အဖွဲ့အစည်းတွေ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက အတိုက်အခိုက်ခံရတဲ့ software တွေက အင်အားစုစည်းမှုကို ပိုမိုရရှိစေပြီးတော့မှ ပြိုင်ဆိုင်မှုတွေကို ပြင်းထန်လာစေမယ်ဆိုတာကိုလည်း သတိပြုစေလိုပါတယ်။ သူတို့ဖြစ်တဲ့အရာတစ်ခုကို Sanctions လုပ်ပြီးတော့ ဖိအားပေးတယ်ဆိုတာမျိုးက ဘယ်တော့မှအောင်မြင်မှာ မဟုတ်ပါဘူး။ ပဋိပက္ခသာ ပိုမိုကြီးမားလာစေမှာဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်ယောက် ပူးပေါင်းပြီးတော့မှ ကျွန်တော်တို့ ဒါကို ရင်ဆိုင်ကျော်လွှားသွားပါမယ်။ အဆွေတော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အဆင်သင့်ရှိကြောင်း ပြောလိုပါတယ်။

■

# အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်းများကို ရှောင်ကြဉ်ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ပေးခြင်းဖြင့် ကောင်းမွန်သည့်အနာဂတ်ကို အတူတကွတည်ဆောက်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၃/၂၀၂၅)

၁။ အမျိုးသမီးအခွင့်အရေးများကို အသိအမှတ်ပြုသည့်အနေဖြင့် ၁၉၇၅ ခုနှစ်တွင် ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် မတ်လ ၈ ရက်နေ့ကို သတ်မှတ်ခဲ့ပြီး ကမ္ဘာတစ်ဝှမ်း၌ နှစ်စဉ် မတ်လ ၈ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ရာ ယခုနှစ် ၂၀၂၅ ခုနှစ်တွင် နှစ် ၅၀ တိုင်ခဲ့ပြီဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့၏ဆောင်ပုဒ်မှာ **"For ALL women and girls: Rights. Equality. Empowerment."** ဖြစ်ပြီး အမျိုးသမီးများနှင့် မိန်းကလေးများ၏အခွင့်အရေး၊ တန်းတူညီမျှရေးနှင့် ပါဝင်ဦးဆောင်မှုတို့ မြှင့်တင်နိုင်ရေးကို ရည်ညွှန်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် အမျိုးသမီးများအခွင့်အရေးကို လူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုခဲ့သော ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် (Beijing Declaration and Platform for Action – BPFA) ကို တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့၌ ၁၉၉၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာအမျိုးသမီးညီလာခံ၌ ကမ္ဘာ့နိုင်ငံ ၁၈၈ နိုင်ငံနှင့်အတူ ပါဝင်အတည်ပြုခဲ့ပါသည်။ ထို့ပြင် ၁၉၉၇ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်တစ်ခုဖြစ်သော အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်(CEDAW) အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီး အမျိုးသမီးများ၏အခွင့်အရေးများကို ကာကွယ်ဖြည့်ဆည်းပေးလျက်ရှိရာတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုများဆောင်ရွက်ခြင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအပေါ် စွမ်းဆောင်မှုဆိုင်ရာဆုများ ချီးမြှင့်ခြင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပဋိပက္ခအတွင်း အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးခြင်း၊ ဥပဒေဆိုင်ရာကာကွယ်မှုပေးခြင်း၊ စီးပွားရေးဆိုင်ရာ ပံ့ပိုးမှုပေးခြင်း၊ ပညာရေးမြှင့်တင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းစသည့် ဆောင်ရွက်ပေးနေမှုများကို လူ့အခွင့်အရေးရှုထောင့်မှ အသိအမှတ်ပြုကြိုဆိုအပ်ပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးကဏ္ဍများ ဖော်ဆောင်ရာတွင် ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများအပါအဝင် အမျိုးသမီးနှင့် မိန်းကလေးများ၏အခွင့်အရေးများနှင့် လူမှုအသိုက်အဝန်းများက လိုက်နာဆောင်ရွက်သင့်သည်များကို အများပြည်သူသို့ အသိပညာပေးလျက်ရှိပါသည်။ ထို့ပြင် အမျိုးသမီးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ ကော်မရှင်ဥပဒေနှင့်အညီ တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဘိုးဘွားရိပ်သာ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာနများသို့ သွားရောက်စစ်ဆေးပြီး တွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာဌာနများသို့ပေးပို့၍ အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဆောင်ပုဒ်၏ ရည်ညွှန်းချက်ပြည့်မြောက်စေရန် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်းများကို ရှောင်ကြဉ်၍ ယင်းတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးလျက် ကျား၊ မတန်းတူညီမျှမှုကို မြှင့်တင်ပေးခြင်းဖြင့် ကောင်းမွန်သည့်အနာဂတ်ကို အတူတကွတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း မတ်လ ၈ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက် တိုက်တွန်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko နှင့် တွေ့ဆုံဆွေးနွေး


**နေပြည်တော် မတ် ၇**

ဘယ်လာရုစ်သမ္မတ နိုင်ငံ မင့်စ်မြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko နှင့် ယနေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်ရုံးသို့ရောက်ရှိရာ ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံပွဲကိုကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ဘယ်လာရုစ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဘယ်လာရုစ်နိုင်ငံသို့ လာရောက်သည့် ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု များကို များစွာမြှင့်တင်ပေးနိုင်မှု အခြေအနေများ၊ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် နှစ်နိုင်ငံအကြား နားလည်မှု စာချွန်လွှာများ လက်မှတ် ရေးထိုးနိုင်ခဲ့သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ထုတ်ကုန်ပစ္စည်းများ အပြန်အလှန် တင်ပို့နိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံမှထွက်ရှိသည့် ဆန်အပါအဝင် အခြားစက်မှုကုန်ကြမ်း သီးနှံများအား ဘယ်လာရုစ်နိုင်ငံသို့ တင်ပို့နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ရေခံမြေခံကောင်းများရှိပြီးဖြစ်သည့် မြန်မာနိုင်ငံနှင့် ခေတ်မီစိုက်ပျိုး မွေးမြူရေးနည်းပညာများ ပိုင်ဆိုင်ထားသည့် ဘယ်လာရုစ်နိုင်ငံတို့ အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကျိုး ဖြစ်ထွန်းစေမည့် ကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများတွင် နည်းပညာများဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်များ ထုတ်လုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko တို့ ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

# အများပြည်သူအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးအကြံပြုခြင်းလုပ်ငန်းများဆောင်ရွက်

**ညောင်ဦး မတ် ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ စားသောက်ဆိုင်များ၊ လူနေအိမ်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း လှည့်လည်စစ်ဆေးအကြံပြုခြင်းလုပ်ငန်းများကို ယနေ့နံနက် ၉ နာရီက လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ညောင်ဦးခရိုင် မီးသတ်စခန်းမှူးစီးအရာရှိ ဦးကျော်နိုင်လင်းနှင့် ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့ အမှတ်(၄)ရပ် ကွက်ရှိ လူနေအိမ်များနှင့် F I T လမ်းရှိ Zay Bar & B B Q စားသောက်ဆိုင်တို့အား မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko အားလက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၇**

ဘယ်လာရုစ် သမ္မတနိုင်ငံ မင့်စ်မြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko အား မတ် ၆ ရက် ဒေသစံတော်ချိန်ညနေပိုင်းတွင် မင့်စ်မြို့ President ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ဘယ်လာရုစ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ နို့ထွက်ပစ္စည်းထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်ရေးနှင့် နည်းပညာများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားကဏ္ဍ တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ် သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

## ကောင်းကျိုးဆောင်နှင်း အောင်ပွဲခင်း

✻ ရုရှားမြန်မာ ဖက်လဲတကင်း
တရင်းတနှီး ဆက်ဆံကာ၊
အစွန့်ရှည် နှစ်ပရိစ္ဆေဒ
ကာလရှည်ကြာ၊
နှစ်နိုင်ငံ့ မျက်နှာစာ
ထည်ဝါလှ တင့်ပေတောင်း။
နှစ်နိုင်ငံ ဂုဏ်ရည်တက်တယ်
လက်ချင်းယှက်ပေါင်း။

✻ ရုရှားမြန်မာ ရေရှည်တွေးလို့
ချစ်ကြည်ရေး ခရီးစဉ်၊
နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦး
ကြည်နူးလို့ရွှင်၊
သူ့အမြင် သူ့အတွေးရယ်နဲ့
ကိုယ့်အမြင် ကိုယ့်အတွေးကိုလ
ဆွေးနွေးလို့ တိုင်ပင်
အမြော်အမြင် ကြီးပါပေ့။
နှစ်နိုင်ငံ အခင်းအကျင်းက
ရိုးရှင်းတယ်လေ့။

✻ နှစ်နိုင်ငံ အရေးအတွက်
အလေးအနက် ဆွေးနွေးကာ၊
အကျိုးတူ လုပ်ငန်းများ
တိုးပွားဖို့ပါ၊
ကြွယ်ဝတဲ့ နည်းပညာ
မျှဝေကာ ဖြည့်ဆည်း။
ရွှေလမ်းမှာ ငွေလမ်းဆင့်လို့
လမ်းဖွင့်သည်တည်း။

✻ နှစ်နိုင်ငံ ပူးပေါင်းပြီး
ရှေ့ခရီး ဆက်လျှောက်ရန်၊
မိတ်ဝတ်ညီ သင်္ဂဟတရားက
တိုးပွားရှင်သန်၊
ခိုင်မြဲတဲ့ သန္နိဋ္ဌာန်
နှစ်နိုင်ငံ ကောင်းကျိုးနှင်း။
ရုရှားမြန်မာ အတူတွဲလို့
အောင်ပွဲကိုခင်း။ ။

ရေနံ့သာမောင်ကျော်ညွန့်

# မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ် ကျင်းပ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၇

မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်အား မတ် ၆ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် မင့်စ်မြို့ President ဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ် အခမ်းအနားသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အားလုံးသိကြသည့်အတိုင်း မိမိတို့သည် မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးကို သံတမန်လမ်းကြောင်းမှနေ၍ အစပြုခဲ့ပြီး စိန်ခေါ်မှုအမျိုးမျိုးကို လက်တွဲပူးပေါင်းကာ အတူတကွကျော်လွှားခဲ့ကြခြင်းဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံနှင့်လည်း သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ပြီး အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုကို အခိုင်အမာတည်ဆောက်နိုင်ခဲ့ခြင်းပင် ဖြစ်ကြောင်း။

လက်ရှိတွင်လည်း နှစ်နိုင်ငံအကြား ပြည်သူအချင်းချင်း ဆက်ဆံရေး၊ စီးပွားရေးလုပ်ငန်းအချင်းချင်းဆက်ဆံရေး၊ အစိုးရဌာနအချင်းချင်း ဆက်ဆံရေး၊ အစိုးရအချင်းချင်း ဆက်ဆံရေးများကို လက်တွေ့ဖော်ဆောင်ခြင်းမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုသည် ပိုမိုခိုင်မြဲလာမည်ဖြစ်ကြောင်း၊ အထူးသဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်နွှယ်မှုမှတစ်ဆင့် နှစ်ဦးနှစ်ဖက် ဘုံတူညီသည့် အနာဂတ်ကို လျှောက်လှမ်းရန် စတင်နိုင်ခြင်းပင် ဖြစ်ကြောင်း။

ဦးစွာ ဘယ်လာရုစ်နိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကတိကဝတ်များကို စတင်နိုင်ရန် သဘောတူစာချုပ်မူကြမ်းကို ပြီးခဲ့သည် ဆယ်စုနှစ်ကျော်က ပေးပို့လာခဲ့သည်ကို မြန်မာနိုင်ငံ၏ စိတ်ပါဝင်စားမှုနှင့်အတူ အကြောင်းပြန်ကြားခဲ့မှုအပေါ် ပြန်လည်အမှတ်ရမိကြောင်း၊ ယခုအချိန်တွင် အဆွေတော်တို့၏ စိတ်ပါဝင်စားမှုနှင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကတိကဝတ်ကို ပြန်လည်အသက်သွင်းနိုင်ရန်အတွက် မြန်မာနိုင်ငံဘက်မှ ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကိုလည်း အဆွေတော်တို့ကို သိရှိစေလိုကြောင်း။

လက်ရှိတွင် နှစ်နိုင်ငံအကြား ပူးတွဲကော်မရှင် ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ သတ်မှတ်ဖော်ပြနိုင်ခြင်း မရှိသေးသော်လည်း ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နှစ်နိုင်ငံအကြား ဆွေးနွေးမှုများသည် အတိုင်းအတာတစ်ခုအထိရောက်ရှိလာပြီကို သက်သေပြနိုင်ခြင်းပင်ဖြစ်ကြောင်း၊ အစိုးရအချင်းချင်းအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် သံတမန်ဆက်ဆံရေးကို အားကောင်းလာစေရေး၊ ကုန်သွယ်မှုကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးမြှင့်ရေးတို့နှင့်စပ်လျဉ်းပြီး တိုးတက်မှုရှိလာခြင်းကို အထင်အရှားတွေ့မြင်နိုင်ပြီဖြစ်ကြောင်း။




မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်အခမ်းအနား ကျင်းပစဉ်။

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးဝါး၊ စက်မှုလက်မှုနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေးနှင့် ဘယ်လာရုစ်နိုင်ငံနှင့် သိပ္ပံနှင့် ခေတ်မီပညာများကို လေ့လာနိုင်စေရန်အတွက်လည်း ပညာသင်ကျောင်းသားများအား စေလွှတ်နိုင်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးညှိနှိုင်းမှုများကို အစပြုနိုင်ပြီဖြစ်ကြောင်း ကြားသိရသည့် အတွက်လည်း များစွာ ဝမ်းမြောက်ရကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံအပေါ် အလေးထားစဉ်းစားပေးမှုအတွက် များစွာ ကျေးဇူးတင်ရှိကြောင်း ယခုနေရာမှ ပြောကြားလိုကြောင်း။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဘယ်လာရုစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှ တစ်ဆင့် ကြိုးပမ်းအားထုတ်မှု အတွေ့အကြုံများကို ယခုလို အခမ်းအနားများမှ တစ်ဆင့် အနီးကပ် လေ့လာသိရှိခွင့်ရနိုင်မည်ဖြစ်ကြောင်း။

အထူးသဖြင့် မြန်မာနိုင်ငံအနေဖြင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေများ ပိုမိုရရှိနိုင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် စားနပ်ရိက္ခာ ပိုမိုဖူလုံမှုရှိစေရေးတို့ကို အလေးထားလေ့လာလိုပါကြောင်း၊ အဆွေတော်တို့၏ အတွေ့အကြုံကောင်းများကို မျှဝေခြင်းနှင့်အတူ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုပါ တိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

လက်ရှိအချိန်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုများသည် အတိုင်းအတာ တစ်ခုအထိ တိုးတက်လာလျက် ရှိသည်ကို ဂုဏ်ယူစွာပြောကြားလိုကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် ဓာတ်မြေဩဇာထုတ်လုပ်မှုတွင် ဘယ်လာရုစ်နိုင်ငံက ထိပ်တန်းနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်နေသည်ကို အားလုံးကလည်း သိကြမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဓာတ်မြေဩဇာတင်သွင်းမှု အပိုင်းကို အဓိကမြှင့်တင်လိုခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ၏ ဦးစားပေးရင်းနှီးမြှုပ်နှံမှုကဏ္ဍ တစ်ခုဖြစ်သည့် ဓာတ်မြေဩဇာထုတ်လုပ်မှုကဏ္ဍတွင် ဘယ်လာရုစ်နိုင်ငံမှ မိတ်ဖက်စီးပွားရေး လုပ်ငန်းရှင်များကို လာရောက် ရင်းနှီးမြှုပ်နှံနိုင်ရန် အလေးထား ဖိတ်ခေါ်လိုခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ရေမြေသဘာဝ ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို နိုင်ငံတော်၏အဓိက ကုန်ထုတ်လုပ်ငန်းများ အဖြစ် မြှင့်တင်လျက်ရှိကြောင်း၊ ယင်းထုတ်ကုန် လုပ်ငန်းများမှ ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် သတင်းအချက်အလက်နှင့် နည်းပညာပိုင်းတွင် ရှေ့တန်းကို ရောက်ရှိနေပြီဖြစ်သည့် ဘယ်လာရုစ်နိုင်ငံနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပြီး စက်မှုလယ်ယာစနစ်ဖြင့် Smart Agriculture အဖြစ် အဆင့်မြှင့်တင်လိုခြင်းပင် ဖြစ်ကြောင်း။

အားလုံးသိကြသည့် အတိုင်း မြန်မာနိုင်ငံအနေဖြင့် ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနေပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် မိတ်ဖက်နိုင်ငံဖြစ်သည့် ဘယ်လာရုစ်နိုင်ငံ၏ ခေတ်မီနည်းပညာနှင့်

စာမျက်နှာ ၁၁ သို့ ✻

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် မတ် ၇**

ဘယ်လာရုစ် သမ္မတနိုင်ငံ မင့်စ်မြို့သို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ် ၇ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများအား President ဟိုတယ်၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး ညီညီစော၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ၊ သင်တန်းသားအရာရှိများ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများ အား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**ကြိုးပမ်းဆောင်ရွက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ပြည်ပနိုင်ငံသို့ ပညာတော်သင်များစေလွှတ်ခြင်းသည် ရည်ရွယ်ချက်ရှိစွာဖြင့် စေလွှတ်သင်ကြား စေခြင်းဖြစ်ကြောင်း၊ သာမန်အားဖြင့် ဘွဲ့လွန်သင်တန်းသားများ ရှိသကဲ့သို့ လိုအပ်ချက်များကြောင့် စေလွှတ်ရသည့် ပညာတော်သင် သင်တန်းသားများလည်းရှိကြောင်း၊ သင်တန်းများ စေလွှတ်တက်ရောက်စေခြင်းဖြင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သတ်မှတ်ထားသည့် ကာလအတွင်း သင်တန်းပြီးမြောက်အောင် သင်ကြားရန်နှင့် သင်ကြားပေးသည့် ပညာရပ်များကို အမှန်တကယ်တတ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ပြည်ပနိုင်ငံတွင် ပညာတော်သင်များအဖြစ် ရွေးချယ်စေလွှတ်ခံကြရသူများဖြစ်သဖြင့် မိမိကိုယ်ကို တန်ဖိုးထား၍ ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာသင်ကြားရန်အတွက် မိမိကိုယ်တိုင်အတွက် အချိန်နှင့်ငွေကြေးများ

**စာမျက်နှာ ၁၂ သို့ ❍**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသား အရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

---

**❋ စာမျက်နှာ ၁၀ မှ**

ပံ့ပိုးကူညီမှုများရရှိပါက မြန်မာနိုင်ငံရှိ လုပ်သားအင်အားများ၏ စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာပြီး နှစ်ဦးနှစ်ဖက် ပိုမိုတည်တံ့ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ကြောင်း။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပခဲ့သည့် Myanmar – Belarus Business Forum အရ နှစ်နိုင်ငံ တာဝန်ရှိသူများသည် ဓာတ်မြေသြဇာကဏ္ဍ၊ ကားထုတ်လုပ်ရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးနှင့် စားသောက်ကုန်ကဏ္ဍ၊ ရေထွက်ပစ္စည်း ထုတ်ကုန်ကဏ္ဍများ၏အလားအလာကို အပြန်အလှန်မျှဝေခွင့်ရရှိခဲ့ကြောင်း၊ မိမိတို့အတူတကွ စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုများကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက်လည်း နောင်အနာဂတ်တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြင့်တင်နိုင်မည့် အလားအလာကောင်းများ ရရှိမည်ဟုလည်း ယုံကြည်မိကြောင်း။




ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko မြန်မာ–ဘယ်လာရုစ်စီးပွားရေး ဖိုရမ်အခမ်းအနားတွင် အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ယခုကဲ့သို့ မိမိတို့နှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အလားအလာများနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို သိရှိအောင် မျှဝေခွင့်ရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ရကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုမှု၊ အထူးသဖြင့် အပြန်အလှန်ပေးပို့ထားပြီး ဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်(မူကြမ်း)အပေါ် မိမိတို့ နှစ်နိုင်ငံအကြား ပြန်လည်အသက်သွင်းနိုင်ရန် လိုအပ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်း၊ အနာဂတ်တွင် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းနိုင်သည့် အလားအလာကောင်းများ များစွာရှိမည်ကို ယုံကြည်ကြောင်း၊ ယနေ့ အခမ်းအနားတွင် အဆွေတော်တို့၏ အလေးထားစိတ်ဝင်စားမှုနှင့် တက်တက်ကြွကြွ ပါဝင်တက်ရောက်ပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် နည်းပညာများပူးပေါင်းဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ ယခုကဲ့သို့ မြန်မာ–ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို ကျင်းပခြင်းဖြင့် နှစ်နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်နိုင်ငံဘက်မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးပြောကြားပြီး ဖိုရမ်ပထမပိုင်းကို ခေတ္တရပ်နားလိုက်သည်။

ဆက်လက်၍ မြန်မာ–ဘယ်လာရုစ်စီးပွားရေးဖိုရမ် ဒုတိယပိုင်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဆက်လက်ကျင်းပပြုလုပ်ရာ နှစ်နိုင်ငံတာဝန်ရှိသူများက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အကျဉ်းချုပ်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌတို့က အပိတ်နှုတ်ခွန်းဆက် စကားများ ပြောကြားကြသည်။

ထို့နောက် မြန်မာ–ဘယ်လာရုစ် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာများကို ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဘက်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဘယ်လာရုစ်နိုင်ငံဘက်မှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


❍ စာမျက်နှာ ၁၁ မှ
ကုန်ကျခံရခြင်း ရှိသကဲ့သို့ နိုင်ငံတော်နှင့် တပ်မတော်မှလည်း ထိုက်သင့်သည့် ကုန်ကျမှုများရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးပြုနိုင်ရေးဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့်တပ်မတော်၏အကျိုးကို ကြိုးပမ်းဆောင်ရွက်လိုသည့် စိတ်များရှိကြရန်လိုကြောင်း။

လူတိုင်းတွင် မျှော်လင့်ချက်ရှိသကဲ့သို့ မိမိတို့တိုင်းပြည်၏ မျှော်လင့်ချက်ကိုလည်း ဖြည့်ဆည်းပေးရန်လိုသဖြင့် မိမိတို့သင်ကြားခဲ့သည့်ပညာရပ်များဖြင့် တိုင်းပြည်၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေရန်လိုကြောင်း၊ တပ်မတော်သားများသည် အခြေခံအားဖြင့် စိတ်ဓာတ်ကောင်းမွန်ပြီး လုပ်ငန်းများ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြသူများ ဖြစ်ကြကြောင်း၊ မိမိကိုယ်ကိုတန်ဖိုးထားပြီး မိမိတို့ဘဝတိုးတက်အောင် ဆောင်ရွက်ကြ စေလိုကြောင်း၊ မိမိကိုယ်ကိုထိန်းသိမ်းပြီး လုံ့လ၊ ဝီရိယအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများနှင့် မိသားစုများအားတွေ့ဆုံအမှာစကားပြောကြားစဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က သင်တန်းသား အရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။




**စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

အလားတူ ဒေသစံတော်ချိန် နံနက်ပိုင်းကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် မင့်စ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်၍ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများနှင့် မိသားစုများအား သွားရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့၏ သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်မှု၊ ချစ်ကြည်ရေး ခရီးစဉ်အတွင်း စီးပွားရေးဖိုရမ် ကျင်းပနိုင်မှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက် ပြောင်းလဲမှု အခြေအနေများ၊ မြန်မာ–ဘယ်လာရုစ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများနှင့် အပြန်အလှန်ကုန်သွယ်မှုများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုမှုတို့နှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းမှာကြားကာ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများနှင့် မိသားစုများ၏လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါ်ဆန်းဖိုရမ် - ၂၀၂၅ စကားဝိုင်းဆွေးနွေးပွဲနှင့် ပေါ်ဆန်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ပုသိမ် မတ် ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော ဧရာဝတီတိုင်းဒေသကြီး ပေါ်ဆန်းဖိုရမ် – ၂၀၂၅ စကားဝိုင်းဆွေးနွေးပွဲနှင့် ပေါ်ဆန်းပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင်များ၊ တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ တောင်သူများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် တောင်သူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

ဦးစွာ ပေါ်ဆန်းဖိုရမ်–၂၀၂၅ ဒုတိယနေ့ အစီအစဉ်အရ "ဧရာဝတီပေါ်ဆန်း တစ်ခေတ်ဆန်းရမည်" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ ဝဏ္ဏထွန်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ပြီး စိုက်ပျိုးရေးပညာရှင် ဦးမြင့်သိန်း၊ ဆန်စက်လုပ်ငန်းရှင် ဦးအောင်ကြည်စိုး၊ မော်လမြိုင်ကျွန်းမြို့နယ်မှ ပေါ်ဆန်းစပါးစိုက်တောင်သူ ဦးတင်အောင်သန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ စိမ့်သန္တာထွန်း၊ ဧရာ ပုသိမ်မျိုးစေ့ထုတ်ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသန အရာရှိ ဒေါ်ဖြူပြာလွင်၊ သာပေါင်းမြို့နယ် ဆန်စက်လုပ်ငန်းရှင် ဦးဇော်ဝင်းထွန်းတို့က ပေါ်ဆန်းစပါး မျိုးကောင်းမျိုးသန့်များရရှိရေး၊ ပိုးမွှားအန္တရာယ် မကျရောက်စေရေး၊ နည်းပညာဆိုင်ရာ သုတေသန၊ ဒေသတွင်းထုတ်ကုန်သုတေသန၊ ဈေးကွက်သုတေသနလုပ်ငန်းများ၊ ဈေးကွက်ခိုင်မာမှု၊ ထုပ်ပိုးမှု၊ ပေါ်ဆန်းသီးသန့်စိုက်ပျိုးရေးဇုန်များ ထူထောင်ရေး၊ ပေါ်ဆန်းဈေးကွက်အလားအလာများ၊ ဒေသဆိုင်ရာအညွှန်းနှင့်ပတ်သက်၍ သိကောင်းစရာများဖြစ်သော မူပိုင်ခွင့်ဆိုင်ရာဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များက ပြန်လည်ဆွေးနွေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။




**ပေးအပ်ချီးမြှင့်**

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ပေါ်ဆန်းဖိုရမ် –၂၀၂၅ နှစ်ရက်တာ ကျင်းပရာတွင် အဓိကပါဝင်ခဲ့သော စာတမ်းရှင်များနှင့် ပေါ်ဆန်းပြိုင်ပွဲတွင် ဓာတုကင်းလွတ်ရေကြည်ပေါ်ဆန်းဖြင့် ပထမဆုရရှိသော ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာအုပ်စု တောင်သူဦးကြည်ခိုင်စိုးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုချီးမြှင့်ငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများနှင့် ပေါ်ဆန်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ဝါးခယ်မမြို့နယ် ကျုံပေါက်ကျေးရွာမှ တောင်သူ ဦးဆန်းဝင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုချီးမြှင့်ငွေများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်းကောင်း၊ ပေါ်ဆန်းပြိုင်ပွဲတွင် တတိယဆုရရှိသော လပွတ္တာမြို့နယ် ဆားကျင်းကျေးရွာ တောင်သူ ဦးဆန်းထွန်းမြင့်နှင့် အထူးဆုရရှိသူများအား တိုင်းဒေသကြီး တရားသူကြီးချုပ်ကလည်းကောင်း၊ ပေါ်ဆန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဒေသ/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ



**နေပြည်တော် မတ် ၇**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဒေသ/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ များနှင့် ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ခန်းမ၌ တွေ့ဆုံသည်။

**လေ့လာဖတ်ရှုရန်**

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည် ချက်(၉)ရပ်တို့နှင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း စဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက် လာစေရန်အတွက် အရည်အသွေး ကောင်း၊ အထွက်နှုန်းကောင်းပြီး ဈေးကွက် အလားအလာရှိသည့် သီးနှံများကို နှစ်သီးမှသုံးသီးအထိ စိုက်ပျိုးနိုင်အောင် ကြိုးစားကြစေ လိုကြောင်း၊ စပါးအပြီး နွေစပါး၊ ပဲအမျိုးမျိုးနှင့် နေကြာသီးနှံ စသည့် ဆီထွက်သီးနှံများ၊ အခြား အလားအလာရှိသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးမှသာ ပြည်နယ် အတွက် ဆန်၊ ဆီ၊ ပဲ၊ ဖူလုံ၍ ပြည်နယ်၏ သီးထပ်စွမ်းအား လည်း တိုးမြင့်လာမည်ဖြစ် ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့်လည်း ဒေသ တွင်း စားရေရိက္ခာဖူလုံရေးနှင့် လယ်ယာသား၊ ငါးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်နယ်၏ လိုအပ်ချက်၊ တောင်သူလယ်သမား များ၏ လိုအပ်ချက်များကိုရှေးရှု ပြီး အဘက်ဘက်မှ အားပေးကူညီ သွားမည်ဖြစ်သကဲ့သို့ တောင်သူ လယ်သမား အကျိုးစီးပွားမြှင့်တင် ရေးနှင့် အခွင့်အရေးကာကွယ်ရေး လုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက် ပေးသွားမည်ဖြစ် ကြောင်း၊ ပြည်သူ့စစ်မှုထမ်းနှင့် ပတ်သက်၍ လူမှုကွန်ရက်မီဒီယာ များနှင့် တရားမဝင်သတင်းဌာန များက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ သတင်းမှားများ ကို အယုံလွယ် လမ်းမှားမရောက် ရှိစေရန် တရားဝင်သတင်းဌာနများ ၏ ထုတ်ပြန်ချက်များကိုသာ လေ့လာဖတ်ရှုကြရန် လိုအပ် ကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေး အဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်က ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ဟိုပုံးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနမှ ကိုယ်ဝန်ဆောင် မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေး ငယ်များအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာ နှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာ ငွေကြေးထောက်ပံ့ ပေးနေမှုနှင့် ဟိုပုံးမြို့နယ်အတွက် မိလ္လာယာဉ်လိုအပ်မှု အခြေအနေ များနှင့် ပညာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး ဆိုင်ရာ လိုအပ်ချက်နှင့် အခက်အခဲများ ကိုလည်းကောင်း၊ ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် လမ်းပန်း ဆက်သွယ်ရေး လိုအပ်ချက်နှင့် ဆီဆိုင်မြို့အတွင်း အကြမ်းဖက် သောင်းကျန်းသူများ ဝင်ရောက် ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်း အိမ်ရာများ ပြန်လည်ဆောက်လုပ် မှုအခြေအနေများကိုလည်းကောင်း တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က တင်ပြချက်များအပေါ် ဖြေရှင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြား၍ တက်ရောက်လာသူ များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ



**နေပြည်တော် မတ် ၇**

မြေပြင် ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှုဗဟို ကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တနင်္သာရီတိုင်း ဒေသကြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်အတူ ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရ အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပ သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံ ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင် မဲပေးနိုင်ရေးအတွက်လည်း မိမိတို့ ဝန်ကြီးဌာနက ပန်းခင်းစီမံချက် များဖြင့် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင် ရွက်ခဲ့ပါကြောင်း။

တနင်္သာရီတိုင်း ဒေသကြီး အနေဖြင့် ပန်းခင်းစီမံချက် အဆင့်(၃)တွင် အကြောင်းအမျိုးမျိုး ကြောင့် ဆောင်ရွက်ရန်ကျန်ရှိမှုနှင့် ထပ်မံ၍ အသက် ၁၈ နှစ်ပြည့်လာ မည့်သူများအတွက် ယခုပန်းခင်း စီမံချက်အဆင့်(၃)ဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ ဆောင်ရွက်ရန် လျာထားရာတွင် တနင်္သာရီတိုင်းဒေသကြီး အနေဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြား စုစုပေါင်း ၄၀၀၀ ကျော် ထုတ်ပေး ရန် လျာထားဆောင်ရွက်လျက်ရှိ ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များ သတ်မှတ် ကာလများအတွင်း လျာထားချက်အတိုင်း ပြီးစီး အောင်မြင်ရေးအတွက် ကြီးကြပ်မှု ကော်မတီအဆင့်ဆင့်က တက်ညီ လက်ညီ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်း ပါကြောင်း ရှင်းလင်းပြောကြား သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ပန်းခင်း စီမံချက် အဆင့်(၃) လျာထား သတ်မှတ်ချက်အပေါ် အကောင် အထည်ဖော် ဆောင်ရွက်နေမှု၊ ယာယီရွှေ့ပြောင်းနေထိုင်သူများ စာရင်းကောက်ယူပြုစု ဆောင်ရွက် နေမှုအခြေအနေများနှင့်စပ်လျဉ်း ၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းများ အောင်မြင်ရေး အတွက် ကဏ္ဍအလိုက်ဆောင်ရွက် နေမှုအခြေအနေများ၊ မဲစာရင်း မှန်ကန်ရေးနှင့် ကိုင်ဆောင် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင် မဲပေးနိုင်ရေး ဆောင်ရွက်နေမှုများ နှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ကို ရှင်းလင်းဆွေးနွေးတင်ပြ ကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြား သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးသည် ထားဝယ်မြို့ မြို့တော် ခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တနင်္သာရီတိုင်း ဒေသကြီးမှ ဝန်ထမ်းများက ဒေသခံပြည်သူများ အား ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် လုပ်ငန်းစဉ်အဆင့်အလိုက် နိုင်ငံသား စိစစ်ရေးကတ်ပြား စိစစ်ဆောင်ရွက်ပေးနေမှုအခြေ အနေများကို လည်းကောင်း၊ နိုင်ငံသားကတ်ပြား ရရှိသူများ အား e-ID စနစ်ဖြင့် ကိုယ်ရေး အချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာ အချက်အလက် (Biometric) ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ် ထုတ်ပေးဆောင်ရွက်နေမှု ကိုလည်းကောင်း လှည့်လည် ကြည့်ရှုအားပေးကာ တာဝန်ရှိသူ များအား လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်း ဆောင်ရွက်ပေးပြီး လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်အားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ထားဝယ်မြို့နယ် ဦးစီးမှူးရုံးသို့ သွားရောက်၍ မြို့နယ်ရုံးအတွင်း၌ ဝန်ထမ်း များက နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများ၊ လဲလှယ်နှင့်မိတ္တူ လျှောက်ထားသူ ပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြား စိစစ်ဆောင် ရွက်ပေးနေမှု အခြေအနေများနှင့် e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ UID နံပါတ်တစ်ပါတည်း ဆောင်ရွက် ထုတ်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တနင်္သာရီတိုင်း ဒေသကြီးဦးစီးမှူးရုံး အစည်း အဝေးခန်းမ၌ တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ အားတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့်စားသောက်ဖွယ်ရာ များပေးအပ်၍ တိုင်းဒေသကြီး ဦးစီးမှူးရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ယာ အခြေအနေများ ကို လှည့်လည်ကြည့်ရှုစစ်ဆေး ကာ တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြမှုများအပေါ် လိုအပ်သည် များမှာကြား ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

## မြန်မာ့ရိုးရာအတာသင်္ကြန်သည် လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်သည့်အလျောက် ယခင်နှစ်များထက် ပိုမိုအလေးထားဆောင်ရွက်ရမည်

**နေပြည်တော် မတ် ၇**

၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ နေပြည်တော်တွင် လမ်းလျှောက်သင်္ကြန် အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော် မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဒေါ်နုမြဇံ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ Brilliant Aura Co.,Ltd.၊ Bellarie Production တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် နေပြည်တော် လမ်းလျှောက်သင်္ကြန် Video Clip ကို ဖွင့်လှစ်ပြသသည်။



ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင် ၂၀၂၅ ခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နေပြည်တော်တွင် လမ်းလျှောက်သင်္ကြန်ကို နှစ်ကြိမ်ကျင်းပခဲ့ပြီးဖြစ်၍ အတွေ့အကြုံရှိကြပြီး ဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်သည် လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဖြစ်သည့်အလျောက် ယခင်နှစ်များထက် ပိုမိုအလေးထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကိုလည်း လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် ဖော်ပြနိုင်မည့် သရုပ်ဖော်မှုကို ယခုနှစ် လမ်းလျှောက် သင်္ကြန်တွင် ထည့်သွင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံမှ ထင်ပေါ်ကျော်ကြားသည့် အနုပညာရှင်များကိုလည်း ပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၊ ဝန်ထမ်းများ မြန်မာ့နှစ်သစ်ကူးကာလတွင် စိတ်ရွှင်လန်းတက်ကြွ ပျော်ရွှင်စေရေးအတွက် ယခင်နှစ်များနှင့်မတူ မြန်မာ့သနပ်ခါးပါ တွဲဖက်အထူးပြုပြီး ပိုမိုပျော်ရွှင်စရာကောင်းသည့် လမ်းလျှောက်သင်္ကြန်ဖြစ်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဝန်ကြီးဌာနအနေဖြင့် လမ်းလျှောက်သင်္ကြန် အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ယိမ်းအကအလှုများဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယူနက်စကိုက အသိအမှတ်ပြုပြီး ဖြစ်သည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် မြန်မာ့ရိုးရာအတာသင်္ကြန်နှင့် နောက်ထပ်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် တင်ပြသွားမည့် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့တို့ကို တစ်ပြိုင်တည်း ဖော်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးက ဒြပ်မဲ့ယဉ်ကျေးမှုဇုန်တွင် မြန်မာ့ရိုးရာအတာသင်္ကြန် စတင်ဖြစ်ပေါ်လာပုံ၊ အတာသင်္ကြန်ပုံရိပ်၊ ကုသိုလ်ကောင်းမှုပြုလုပ်ပုံ၊ ဝတ်စားဆင်ယင်မှုနှင့် ယူနက်စကိုစာရင်းဝင် သတ်မှတ်ချက်တို့ ပါဝင်သည့် သရုပ်ဖော် ဆောင်ရွက်ချက်များ ထည့်သွင်းခြင်း၊ မြန်မာ့သနပ်ခါးနှင့် ပတ်သက်သည့် အကြောင်းအရာများတွင် ပြည်သူအများ ပါဝင်ဆင်နွှဲစေခြင်းများ ထည့်သွင်းဆောင်ရွက်နိုင်မည် ဆိုပါက ပိုမိုကောင်းမွန်မည်ဟု အကြံပြုလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌမြို့တော်ဝန် ဦးသန်းထွန်းဦးက ၂၀၂၅ ခုနှစ် နေပြည်တော် လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ယခင်နှစ်များ၏ အားနည်းချက်၊ အားသာချက် အတွေ့အကြုံများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်က ယခင်နှစ် လမ်းလျှောက်သင်္ကြန်ဆောင်ရွက်ခဲ့မှုအကျဉ်းနှင့် ယခုနှစ်တွင် ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် Brilliant Aura Co.,Ltd. မှ ပရောဂျက်ဒါရိုက်တာက နေပြည်တော် လမ်းလျှောက်သင်္ကြန်နှင့်ပတ်သက်၍ စီမံဆောင်ရွက်ထားရှိမှုများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါ်နုမြဇံက လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် မြန်မာ့ရိုးရာအတာသင်္ကြန် ပွဲတော်တင်သွင်းရရှိမှု၊ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ထပ်မံတင်သွင်းမည့် အခြေအနေနှင့် ၂၀၂၅ ခုနှစ် လမ်းလျှောက်သင်္ကြန်တွင် မြန်မာ့ရိုးရာသင်္ကြန် ပုံစံဆင်နွှဲရန်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက နေပြည်တော် လမ်းလျှောက်သင်္ကြန် မဏ္ဍပ်ဆောက်လုပ်ရန် လျာထားမှု၊ ရေရရှိရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေးပိုင်းဆိုင်ရာ၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ယိမ်းအဖွဲ့များ ဖျော်ဖြေတင်ဆက်မည့်အစီအစဉ်၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရေး၊ လုံခြုံရေး၊ တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်နိုင်ရေး အပါအဝင် သင်္ကြန်ပွဲတော်ကို အားလုံး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေး ပူးပေါင်း ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်မှာကြား ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

# ညစ်ညမ်းစာများကို ထုတ်ဝေ၊ ဖြန့်ချိခဲ့သည့်အတွက် လုပ်ငန်းပိတ်သိမ်းထားသော ထုတ်ဝေသူများစာရင်းအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)ပါ ညစ်ညမ်းစာများကို ဖော်ပြခြင်းစည်းကမ်းချက်ကို ဖောက်ဖျက်၍ ဟီရိသြတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့် ခံစားနားလည်မှုကို လွဲမှားစေနိုင်သောအကြောင်းအရာများကို ထုတ်ဝေ၊ ဖြန့်ချိခဲ့ကြောင်း တွေ့ရှိရပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ပုံနှိပ်သူ/ထုတ်ဝေသူ အမည်/မှတ်ပုံတင်အမှတ်/ စာပေတိုက် | ပုံနှိပ်သူ/ထုတ်ဝေသူ နေရပ်လိပ်စာ | အရေးယူဆောင်ရွက်မှု |
|---|---|---|---|---|---|
| (က) | "ချစ်လွန်းလွန်း၍ ထုဆစ်ခဲ့သည်" | ဖူးငုံခင် | ဒေါ်သိမ့်ရတီ ၉/ကပတ(နိုင်)၃၀၈၉၈၄ (Keren စာပေတိုက်-၀၃၃၀၄) | အောင်မြေကျောင်းလမ်း၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မြင်းခြံခရိုင်၊ မန္တလေးတိုင်းဒေသကြီး။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း -ထုတ်ဝေစာပေးပို့ရန်ပျက်ကွက်ခြင်း |
| (ခ) | "ဗိုလ်ကြီးရဲ့နှင်းဆီ" | V Vkit | ဒေါ်သိမ့်ရတီ ၉/ကပတ(နိုင်)၃၀၈၉၈၄ (Keren စာပေတိုက်-၀၃၃၀၄) | အောင်မြေကျောင်းလမ်း၊ သာယာအေး ရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မြင်းခြံခရိုင်၊ မန္တလေးတိုင်းဒေသကြီး။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း -ထုတ်ဝေစာပေးပို့ရန်ပျက်ကွက်ခြင်း |
| (ဂ) | "အချစ်ထက်သာလွန်သော" | Ta Yaw | ဒေါ်နှင်းပိုပိုအောင် ၁၀/မလမ(နိုင်) ၂၈၅၉၀၈ (အိုင်းရစ်စာပေ-၀၃၂၉၆) | အမှတ်(၃၀)၊ စစ်ကဲကုန်း၊ အထက်လမ်းမကြီး၊ မော်လမြိုင်မြို့နယ်၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ်။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း -ထုတ်ဝေစာပေးပို့ရန်ပျက်ကွက်ခြင်း |
| (ဃ) | "MY STEP-MOM'S EX BECOMES MY HUSBAND" | YELLOWISH-ONE | ဒေါ်နှင်းပိုပိုအောင် ၁၀/မလမ(နိုင်) ၂၈၅၉၀၈ (အိုင်းရစ်စာပေ-၀၃၂၉၆) | အမှတ်(၃၀)၊ စစ်ကဲကုန်း၊ အထက်လမ်းမကြီး၊ မော်လမြိုင်မြို့နယ်၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ်။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း -ထုတ်ဝေစာပေးပို့ရန်ပျက်ကွက်ခြင်း |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာစိစစ်၍ ကြပ်မတ်စိစစ်လျက်ရှိပါကြောင်းနှင့် အဆိုပါဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော အထက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့အား ၂၀၂၅ ခုနှစ်၊ မတ်လအတွင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ရုပ်သိမ်းခြင်း၊ ထုတ်ဝေစာအုပ်များကို တရားမဝင်ထုတ်ဝေစာအဖြစ်ထုတ်ပြန်ကြေညာခြင်း၊ ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကို ဖောက်ဖျက်၍ ပုံနှိပ်၊ ထုတ်ဝေခြင်းများကိုပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ခြင်းရက်လုပ်နည်းသင်တန်းဆင်းပွဲ ကျင်းပ



နေပြည်တော် မတ် ၇

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက ကြီးမှူးဆောင်ရွက်သည့် "ခြင်းရက်လုပ်နည်းသင်တန်း အမှတ်စဉ် (၁/၂၀၂၅)" သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ယခုသင်တန်းမှ သင်ကြားတတ်မြောက်လာသည့် နည်းပညာများကို အသုံးချ၍ ဆန်းသစ်တီထွင်ကာ အိုးမကွာအိမ်မကွာဖြင့်ကိုယ်ပိုင်အသေးစား၊ အလတ်စားလုပ်ငန်းများ ထူထောင်ပြီး တစ်ပိုင်တစ်နိုင်လုပ်ငန်းမှသည် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များကို အထောက်အကူပြုနိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသခံတိုင်းရင်းသားများသို့ ဆင့်ပွားသင်တန်းများ ပို့ချခြင်းဖြင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကြိုးစားဆောင်ရွက်ကြရန်ပြောကြားပြီး သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ သင်တန်းနည်းပြဆရာမအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောသည်။ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများ ရက်လုပ်ထားသည့် အလှခြင်းအမျိုးမျိုးကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှု ခံယူနေကြရသော ကျောင်းသား ကျောင်းသူများအတွက် စာဖြေဌာနလေးခု စီစဉ်ထားရှိ

ရန်ကုန် မတ် ၇

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညှိနှိုင်းထားချက်အရ မတ် ၁၇ ရက် မှ ၂၂ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင် စာမေးပွဲကာလအတွင်း ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်၍ ဆေးရုံစာဖြေဌာနလေးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားရှိသည်။

ဆေးရုံတက်ရောက်ကုသနေသော စာမေးပွဲဝင်ရောက်ဖြေဆိုလိုသည့် ကျောင်းသား ကျောင်းသူ(လူနာ)များသည် အဆိုပါဆေးရုံကြီးများရှိ ဆေးလူမှုဆက်ဆံရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး



ထားဝယ် မတ် ၇

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစေရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်က ခွဲဝေပေးသည့် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ ဘဏ္ဍာငွေသည် သတ်မှတ်ကာလရှိသောကြောင့် သတ်မှတ်ကာလ ပြီးစီးအောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ ဌာနဆိုင်ရာများ တာဝန်ယူ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ကုမ္ပဏီလုပ်ငန်းရှင်များက ဆောင်ရွက်နေသည့် လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး၊ သတ်မှတ် စံချိန်စံညွှန်းနှင့် ကိုက်ညီစေရေး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရန်ပုံငွေများဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အလေးအနက်ထား ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေအား သုံးစွဲသည့်အခါတွင် အရေးကြီးပြီး ရရှိသောဘဏ္ဍာရန်ပုံငွေကို အကျိုးရှိစွာ အသုံးချ ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်သည့် အခါတွင် သတ်မှတ် စံချိန်စံညွှန်းနှင့် အရည်အသွေး ကောင်းမွန်အောင် စေတနာထားပြီး လုပ်ကိုင်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေဆဲလုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကလေးမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

ကလေး မတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကလေးမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်က အမှာစကား ပြောကြားသည်။



ဆက်လက်၍ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူ ၂၅၆ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ယာယီနေရပ်စွန့်ခွာ ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို မတ် ၇ ရက်တွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့ Bellarie Production Company Limited မှ တာဝန်ရှိသူများက အလှူငွေကျပ်သိန်း ၁၀၀ ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် ဒုတိယဥက္ကဋ္ဌ (၂) ဦးခင်မောင်ကျော်ဒင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။

**သတင်းစဉ်**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၇**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး မန်းတောင်ရိပ် အထွေထွေရောဂါကုသဆောင်တွင် ကျန်းမာရေး စောင့်ရှောက်မှုခံယူလျက်ရှိသော နိုင်ငံတော် သြဝါဒါစရိယ မန္တလေးမြို့တောင်ဘက် အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီး အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဣန္ဒောဘာသာဘိဝံသ သက်တော် ၉၃ နှစ်၊ ဝါတော် ၇၃ ဝါရှိ သက်တော်ရှည်ဆရာတော်ကြီးထံသို့ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်ပြီး ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများကို မေးမြန်း လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယခုအခါ ဆရာတော်ကြီးအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို အထူးကု ဆရာဝန်ကြီးများက အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိရာ ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ချီးမြှင့်ငွေများပေးအပ်**

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ရန်ကုန် တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်း ဒေသကြီး ကလေးမြို့နယ်ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဣန္ဒောဘာသာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၇**

၂၀၂၅ ခုနှစ် နှစ် (၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက အရာရှိ အရာခံ၊ အကြပ်အဆင့် စစ်သည်တော် ကျင့်ဝတ် ရေးဖြေနှင့် တပ်သား အဆင့် ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအဆင့်တို့တွင် ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုသူ ၆၀ ဝင်ရောက် ဖြေဆိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဂန့်ဂေါမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး စစ်ဆေးကုသ

**ဂန့်ဂေါ မတ် ၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ ခရိုင်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက မတ် ၁၇ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲ စတင်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး စစ်ဆေးခြင်းနှင့် ဆေးကုသမှုဆောင်ရွက်ပေးခြင်းများကို ယနေ့နံနက် ၉ နာရီက အထက(မြို့မ)နှင့် အထက(ဂန့်ဂေါ)တို့တွင် ကွင်းဆင်းကုသ ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းကုသမှုကို ခရိုင်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ခေတ္တဆေးရုံအုပ် ဒေါက်တာကျော်ကျော်လွင် ဦးဆောင်သည့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးစန်းဝင်းနှင့် ကျန်းမာရေးဌာနမှဝန်ထမ်းများက တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အမည်စာရင်းရေးသွင်းပြီး သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများအား အခမဲ့ပေးဝေခြင်းများကို ဆောင်ရွက်ပေးသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် အထက (မြို့မ)မှ ကျောင်းသား ကျောင်းသူ ၂၀၊ အထက (ဂန့်ဂေါ)မှ ကျောင်းသား ကျောင်းသူ ၈၀ စုစုပေါင်း ၁၀၀ တို့ကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၃-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၅ | ၃၂၇၀ | ၃၂၃၅ | ၃၀၇၀ | ၃၂၇၅ | ၃၂၉၀ | ၃၃၁၀ | ၃၂၂၅ | ၄၅၀၅ | ၃၅၂၀ | ၃၂၄၅ | ၃၂၄၅ | ၃၃၀၅ | ၃၂၈၀ | ၃၃၀၀ | ၃၅၆၀ |
| 95 Ron | ၃၂၀၅ | ၃၃၂၀ | ၃၂၈၅ | ၃၂၂၀ | ၃၃၂၅ | ၃၃၄၀ | ၃၃၆၀ | ၃၂၇၅ | ၄၅၆၀ | ၃၅၇၀ | ၃၂၉၅ | ၃၂၉၅ | ၃၃၆၅ | ၃၃၃၀ | ၃၃၅၀ | ၃၆၁၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၈၀၅ | ၂၇၇၀ | ၂၇၀၅ | ၂၈၁၀ | ၂၈၂၅ | ၂၈၄၅ | ၂၇၆၅ | - | ၃၀၅၅ | ၂၇၈၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၁၅ | ၂၈၄၀ | ၃၀၉၅ |
| HSD (50 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | ၄၈၃၀ | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၇၅ | ၃၇၃၅ |
| HSD (10 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | - | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၇၅ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၂ | ၃၀၇၅ |
| 95 Ron | ၃၀၃၀ | ၃၁၂၄ |
| HSD (500 ppm) | ၂၅၃၂ | ၂၆၁၃ |
| HSD (50 ppm) | ၃၁၅၁ | ၃၂၄၄ |
| HSD (10 ppm) | ၃၁၅၁ | ၃၂၄၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၈၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ **မိုး/ဇလ**

# ၂၀၂၄ အကယ်ဒမီဇာတ်ကားများ ပြန်လည်ပြသမယ့် "မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်"

**သတင်းထောက် လှဘထွန်း**

သတင်းသမားတစ်ဦးဖြစ်တာနဲ့အညီ ၂၀၂၄ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုရရှိသူတွေနဲ့ အဘက်ဘက်မှကူညီပံ့ပိုးသူများအား ဂုဏ်ပြုညစာစားပွဲသို့ ညီနောင်မီဒီယာတွေနဲ့အတူ ညစာစားပွဲကျင်းပရာ မြဝတီမီဒီယာစင်တာသို့ ရောက်ရှိခဲ့ပါတယ်။ ဒီနေရာကို ဒုတိယအကြိမ်ရောက်ရှိခဲ့တာဖြစ်ပြီး ပထမတစ်ကြိမ်ကတော့ ရုပ်ရှင်ဇာတ်ကား Red Carpet Show ပြသတဲ့ပွဲပါ။ မြဝတီမီဒီယာစင်တာရဲ့ ခမ်းနားမှုကိုတော့ အဲဒီကတည်းက သိခဲ့ရတာပါ။ ရုပ်ရှင်ရုံရဲ့ လေအေးပေးစက်စနစ်ကောင်းမွန်တာရော၊ ရုပ်ရှင်ပိတ်ကား၊ ရုပ်ရှင်ပြစက်နဲ့ အသံစနစ်တွေ ခေတ်မီတာရော တွေ့ခဲ့ရပါတယ်။

ဒီနေ့ည ညစာစားပွဲကတော့ မြဝတီမီဒီယာစင်တာရဲ့ ဆဋ္ဌမအလွှာ ခုနစ်ထပ်က Ballroom ခန်းမမှာကျင်းပတဲ့ အကယ်ဒမီဂုဏ်ပြုညစာစားပွဲပါ။ အချိန်စောနေတာနဲ့ မီဒီယာအဖွဲ့ကိုပေးတဲ့ ထမင်းဘူးလေးကိုယူရင်း ခန်းမနဲ့တွဲလျက် လေသာဆောင်ဝရန်တာကို ထွက်လို့ ရန်ကုန်မြို့ရှုခင်းကို ကြည့်မိပါတယ်။ လေသာဆောင်ကလည်း ကျယ်ဝန်းလှသမို့ လူ ၃၀၀-၄၀၀ လောက်ဆံ့နိုင်ပြီး ရန်ကုန်မြို့ရှုခင်းကို အပေါ်စီးက ကြည့်ရှုခံစားရင်း ညနေခင်းဆည်းဆာပွဲတစ်ခုအဖြစ် စိတ်ကူးယဉ်နေမိပါတယ်။

အတွေးစိတ်ကူးမဆုံးခင်မှာပဲ အကယ်ဒမီညစာစားပွဲမှာ စိန်နန်းတော်က စီစဉ်ထားတဲ့ Media Corner ကို ပြန်လှည့်ရပါတယ်။ ကိုယ့် Entertainment Media logo ပါတဲ့ MIC လေး နေသားတကျချထားပြီး အနုပညာရှင်ဖန်တီးရှင်တွေရဲ့ အကယ်ဒမီမုဒိတာစကားတွေကို တစ်ဦးပြီးတစ်ဦး ရယူရပါတော့တယ်။ ၂၀၂၄ အကယ်ဒမီဆု ၁၆ ဆုပေမယ့် ပေါင်းလိုက်တော့ ဇာတ်ကားက ခြောက်ကားပါပဲ။ ကိုယ့်တိုက်ပိုင်က အကယ်ဒမီအချက်အလက်တွေ သေသေချာချာ ဖတ်မှတ်ရယူဖို့မှာကြားတော့ ကျွန်တော့်ဖုန်းထဲမှာ အသင့်ရှိပါကြောင်း၊ ဖတ်မှတ်ပြီးပါကြောင်း Viber ပေါ်ကနေ Report ပြန်လုပ်ရပါတယ်။




### အကယ်ဒမီရွှေစင်ရုပ်တုနှစ်ခုကလည်း ဘယ်ညာဟန်ချက်ညီ ခံ့ထည်

Media Corner မှာ အင်တာဗျူးသတင်းတွေရယူရသလိုပဲ အကယ်ဒမီဂုဏ်ပြုညစာစားပွဲရဲ့ အစီအစဉ်ကိုလည်း အာရုံပြုရပြန်ပါတယ်။ ညစာစားပွဲကျင်းပတဲ့ Ballroom ရဲ့ ကျယ်ဝန်းတဲ့အနေအထား၊ မီးပန်းဆိုင်းတွေရဲ့အလှက ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်တွေရဲ့ Ballroom မျိုးပါပဲ ခမ်းနားလှပါတယ်။ စတိတ်စင်မြင့်ပေါ်မှာ ကြီးမားတဲ့ LED ကြီးနဲ့အတူ အကယ်ဒမီရွှေစင်ရုပ်တုနှစ်ခုကလည်း ဘယ်ညာဟန်ချက်ညီ ခံ့ထည်နေပါတယ်။ တဖွဲဖွဲရောက်ရှိလာကြတဲ့ တက်ရောက်ချီးမြှင့်ကြသူတွေကို မှတ်တမ်းတင်ရင်း ခင်းကျင်းထားတဲ့ စင်မြင့်ပေါ်က စားပွဲပေါ်မှာ အကယ်ဒမီရွှေစင်ရုပ်တု ကိုးဆုရှိနေတာ ရေတွက်မိပါတယ်။ ၁၆ ဆုဆိုတော့ အကယ်ဒမီဆုရသူ ခုနစ်ယောက် ရောက်ဖို့ကျန်သေးတယ်လို့ တွက်ဆမိပြီး ၂၀၂၄ အကယ်ဒမီဆုချီးမြှင့်ပွဲအကြောင်း ဖတ်မှတ်သွားဖို့ မှာကြားချက်ကို ကျေးဇူးတင်မိနေပါတယ်။

စင်မြင့်ရဲ့ LED Board ပေါ်မှာ စိန်နန်းတော်ရတနာဆိုင်ရဲ့ ကြော်ငြာကိုလည်း မြိုင်မြိုင်ဆိုင်ဆိုင်တွေ့ရပါတယ်။ အဲဒီကြော်ငြာပြီးတော့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၄ အကယ်ဒမီဆုရ ရုပ်ရှင်ဇာတ်ကားတွေကို ပြန်လည်ပြသမယ့် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ် ကြော်ငြာကလည်း ရှေ့ဆင့်နောက်ဆင့် ပေါ်လာပါတယ်။

> **❛ ၂၀၂၄ အကယ်ဒမီ ၁၆ ဆု ချီးမြှင့်ခဲ့ပြီး ရုပ်ရှင်ဇာတ်ကား ခြောက်ကားက ရရှိခဲ့တာဖြစ်လို့ ရုပ်ရှင်ဆင်ဆာခွင့်ပြုချက်ရရှိခဲ့တဲ့ ရက်စွဲအလိုက် ဘိုးတော်ကင်း၊ ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်၊ မီး၊ နှောင်၊ အိပ်မက်ကာရန်နဲ့ တိမ်ပန်းချီဇာတ်ကားတွေကို တစ်ကား သုံးရက်နှုန်းနဲ့ မတ်လ ၉ ရက်နေ့မှ ၂၉ ရက်နေ့အထိ ရက်သတ္တသုံးပတ်ကြာ မြန်မာ့ရုပ်ရှင် ရက်သတ္တပတ်အဖြစ် ပြသသွားမှာဖြစ်ပါတယ်။ ပြသမယ့်ရုံက Star Cinema ဖြစ်တဲ့ မြဝတီမီဒီယာစင်တာရဲ့ အဆင့်မြင့်ရုပ်ရှင်ရုံမှာ ပြသမှာဖြစ် ❜**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ (၇၉)နှစ်မြောက်နေ့ဆိုတော့လည်း မနှစ်က ရန်ကုန် ဝင်္ကဘာလမ်းက အစည်းအရုံးပရဝဏ်ထဲမှာ ကျင်းပခဲ့တဲ့ မတ်လ ၈ ရက်နေ့က (၇၈)နှစ်မြောက်နေ့ကိုလည်း ပြန်သတိရမိတယ်။ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တက်ရောက်တာကို သတင်းရယူခဲ့တာရယ်၊ နိဗ္ဗာန်ဈေးလို ဈေးတန်းတွေက မုန့်တွေစားခဲ့ရတာရယ် အမှတ်ရမိတယ်။ တစ်နှစ်ဆိုတာ မကြာလိုက်ပါလား။

### တစုတစည်းတည်းကြည့်ရ

ရုပ်ရှင်ကိုချစ်၊ ရုပ်ရှင်ကြည့်ရတာကြိုက်လို့လည်း Entertainment Media သတင်းသမားဖြစ်ခဲ့ရတာပါ။ အကယ်ဒမီဆုရဇာတ်ကားတွေ တစုတစည်းတည်း ကြည့်ရမှာဆိုတော့ သိပ်ကောင်းတဲ့အစီအစဉ်လို့လည်း ခံစားမိလိုက်ပါတယ်။ လက်ရှိရုပ်ရှင်လောကအခြေအနေကိုသိနေတော့ ရုပ်ရှင်ရုံအခက်အခဲရှိတာလည်း သိနေပါတယ်။ ရုံတင်ဖို့ တန်းစီနေရတဲ့ ဇာတ်ကားတွေကလည်း ရာဂဏန်းရှိနေတယ်လို့ ကြားသိရပါတယ်။ ရုံအခက်အခဲရှိနေတဲ့ကြားက ၂၀၂၄ အကယ်ဒမီဆုရဇာတ်ကားတွေကို ပြသမယ့် အစီအစဉ်ကောင်းတွေကို ဘယ်လိုပြမှာလဲ ဘယ်ရုံမှာပြမှာလဲဆိုတာ သိချင်လာပါတယ်။

သွားပါများခရီးရောက်၊ မေးပါများစကားရဆိုသလို ရုပ်ရှင်အစည်းအရုံးက နှံ့စပ်သူဆီ စနည်းနာရတာပေါ့။ ၂၀၂၄ အကယ်ဒမီ ၁၆ ဆု ချီးမြှင့်ခဲ့ပြီး ရုပ်ရှင်ဇာတ်ကား ခြောက်ကားက ရရှိခဲ့တာဖြစ်လို့ ရုပ်ရှင်ဆင်ဆာခွင့်ပြုချက်ရရှိခဲ့တဲ့ ရက်စွဲအလိုက် ဘိုးတော်ကင်း၊ ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်၊ မီး၊ နှောင်၊ အိပ်မက်ကာရန်နဲ့ တိမ်ပန်းချီ ဇာတ်ကားတွေကို တစ်ကား သုံးရက်နှုန်းနဲ့ မတ်လ ၉ ရက်နေ့မှ ၂၉ ရက်နေ့အထိ ရက်သတ္တသုံးပတ်ကြာ မြန်မာ့ရုပ်ရှင် ရက်သတ္တပတ်အဖြစ် ပြသသွားမှာဖြစ်ပါတယ်။

ပြသမယ့်ရုံက Star Cinema ဖြစ်တဲ့ မြဝတီမီဒီယာစင်တာရဲ့ အဆင့်မြင့်ရုပ်ရှင်ရုံမှာ ပြသမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ရုပ်ရှင်ချစ်ပရိသတ်အတွက် အထူးအစီအစဉ်အနေနဲ့ အစည်းအရုံးရဲ့ နှစ်ပတ်လည်နေ့နဲ့ တိုက်ဆိုင်စွာ အကယ်ဒမီရဇာတ်ကားတွေ သီးသန့်ပြသတဲ့ မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်အဖြစ် စီစဉ်လိုက်ရတာလို့လည်း သိလိုက်ရတော့ စဉ်းစားစီစဉ်ပေးကြတဲ့သူတွေကိုလည်း ကျေးဇူးတင်မိပါတယ်။ ကျွန်တော်က ဒီခြောက်ကားမှာ နှောင်နဲ့ တိမ်ပန်းချီဇာတ်ကားရဲ့ ပရီမီယာရှိုးတွေ သွားရောက်သတင်းယူခဲ့တာမို့ အကယ်ဒမီ ဘယ်လိုတွေရတယ်လို့ သိရှိပြီးပေမယ့် ကျန်လေးကားကို မကြည့်လိုက်ရလို့ တောင့်တနေချိန်နဲ့လည်း တိုက်ဆိုင်နေပါတယ်။

### ဇာတ်ကားတွေပြမယ့်ရက်

ဒါကြောင့် ဇာတ်ကားတွေပြမယ့်ရက်တွေကို ဆက်ပြီးစပ်စုမိပြန်ပါတယ်။ တစ်ရက်ကို မွန်းလွဲ ၁ နာရီနဲ့ ညနေ ၄ နာရီတို့မှာ နှစ်ပွဲပြမှာဖြစ်ပြီး ၉-၃-၂၀၂၅ ရက်နေ့မှ ၁၁-၃-၂၀၂၅ ရက်နေ့ထိ ဘိုးတော်ကင်း၊ ၁၃-၃-၂၀၂၅ ရက်နေ့မှ ၁၅-၃-၂၀၂၅ ရက်နေ့ထိ ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်၊ ၁၆-၃-၂၀၂၅ ရက်နေ့မှ ၁၈-၃-၂၀၂၅ ရက်နေ့ထိ မီး၊ ၂၀-၃-၂၀၂၅ ရက်နေ့မှ ၂၂-၃-၂၀၂၅ ရက်နေ့ထိ နှောင်၊ ၂၃-၃-၂၀၂၅ ရက်နေ့မှ ၂၅-၃-၂၀၂၅ ရက်နေ့ထိ အိပ်မက်ကာရန်၊ ၂၇-၃-၂၀၂၅ ရက်နေ့မှ ၂၉-၃-၂၀၂၅ ရက်နေ့ထိ တိမ်ပန်းချီတို့ ပြမှာဖြစ်ပါတယ်။

ကျွန်တော်မကြည့်ရသေးတဲ့ ဇာတ်ကားတွေကို Entertainment News တွေအဖြစ် သတင်းရယူရင်း ကြည့်ရမယ့်ဇာတ်ကားတွေ၊ ရက်စွဲတွေ၊ ပွဲချိန်တွေကို မှတ်သားနေမိပါတယ်။ ကြည့်ရမယ့်နေရာကလည်း တစ်ကြိမ်ကြည့်ခဲ့ဖူးပြီး အစစအရာရာ ခေတ်မီပြည့်စုံလှတဲ့ ရန်ကင်း၊ ဘောက်ထော်၊ မိုးကောင်းလမ်းမပေါ်က မြဝတီမီဒီယာစင်တာရဲ့ အဆင့်မြင့်ရုပ်ရှင်ရုံမှာဆိုတော့ အကယ်ဒမီဆုရဇာတ်ကားကောင်းတွေက သွားရောက်ကြည့်ရှုဖြစ်မယ့် ကျွန်တော်အပါအဝင် ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် ရသတွေ အပြည့်အဝပေးတော့မယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါလို့ သတင်းကောင်းပါးလိုက်ပါရစေတော့။ ဇာတ်ကားကောင်းတွေကို သွားရောက်ကြည့်ရှုရင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုရင်း၊ မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ကိုစောင့်မျှော်နေရင်း........။

# အခြေခံပညာဦးစီးဌာန ၂၀၂၅ ခုနှစ် ဒွါဒသမတန်း(Grade 12)လူရည်ချွန်စာရင်း ကြေညာ

(ယမန်နေ့မှအဆက်)

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒွါဒသမတန်း(Grade 12)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၀၁ | မငွေစုမြတ် | အထက(၁) | တွံတေး | တွံတေး |
| ၁၀၂ | မောင်မင်းခန့်ကျော် | Student' Target (ကပက) | အင်းစိန် | အင်းစိန် |
| ၁၀၃ | မနိုဘယ်ခင် | အထက(၂) | လှိုင်သာယာ(န) | အင်းစိန် |
| ၁၀၄ | မောင်ဟိဏ်းထက်ဇော် | ကောင်းစုစံ(ကပက) | ရွှေပြည်သာ | မင်္ဂလာဒုံ |
| ၁၀၅ | မမေသူခိုင် | အ.ထ.က(၂) | မင်္ဂလာဒုံ | မင်္ဂလာဒုံ |
| ၁၀၆ | မောင်ဟိန်းထက်ကျော်ခိုင် | အထက-တပ်ကြီးကုန်း | မှော်ဘီ | မှော်ဘီ |
| ၁၀၇ | မသော်ခြူးခြူးစံ | အထက-(၁) | မှော်ဘီ | မှော်ဘီ |
| ၁၀၈ | မောင်မင်းခန့်နိုင် | အထက - ဗထူး | ရပ်စောက် | တောင်ကြီး |
| ၁၀၉ | နန်းချိုအိန္ဒြေဖူး | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၁၀ | မောင်ညီရဲထူး | အထက(၅)အောင်ပန်း | ကလော | ကလော |
| ၁၁၁ | မနဒီဦး | အထက-ပင်းတယ | ပင်းတယ | ပင်းတယ |
| ၁၁၂ | မောင်ပြည့်ဖြိုးအောင် | အထက(ခွဲ)-ဂျရပ်ကွက် | နမ့်စန် | နမ့်စန် |
| ၁၁၃ | မောင်ဟိန်းအောင်ထွန်း | အထက-တုန်ဟုန်း | မိုးနဲ | နမ့်စန် |
| ၁၁၄ | မကောင်ခမ်း | အထက(၃)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၁၅ | မမေမီကျော် | အထက(ခွဲ)-ဂျရပ်ကွက် | နမ့်စန် | နမ့်စန် |
| ၁၁၆ | စိုင်းအောင်မင်းမြတ် | အထက-မိုင်းပန် | မိုင်းပန် | လင်းခေး |
| ၁၁၇ | မယမင်းအိန္ဒြေ | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၁၈ | မောင်အိုက်ကတ်ပလိတ် | အထက(၂)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၁၉ | မသန်းသန်းအေး | အထက(၂)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၂၀ | မောင်အောင်သီဟ | ရတနာ(ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၂၁ | မပွင့်ထက်ခင် | ရတနာ(ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၂၂ | မောင်ဟင်နရီမန်းအောင် | အထက-ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၂၃ | မမာဂရက်ဂျွန် | အထက-ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၂၄ | မောင်ကျော်စည်သူခန့် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၂၅ | မယွန်းနဒီမောင် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၂၆ | မောင်သက်ခိုင်ထွဋ် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၂၇ | မအိအိတုံ | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၂၈ | မောင်အောင်ကောင်းခန့် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ကျုံပျော် |
| ၁၂၉ | မကေခိုင်နှင်း | အထက-ရေကြည် | ရေကြည် | ကျုံပျော် |
| ၁၃၀ | မောင်ထက်အောင်စံ | အထက(၄)ဟသ်ာတ | ဟသ်ာတ | ဟသ်ာတ |
| ၁၃၁ | မဝင်းစုဟန် | အထက(၃)ဟသ်ာတ | ဟသ်ာတ | ဟသ်ာတ |
| ၁၃၂ | မောင်စစ်သွေးညီ | အထက(၁)ကြံခင်း | ကြံခင်း | မြန်အောင် |
| ၁၃၃ | မမြတ်ထူးထူးနိုင် | အထက - ချင်းမြောင် | ကြံခင်း | မြန်အောင် |
| ၁၃၄ | မောင်သန့်ထွဋ်ဝင်း | မဟာ (ကပက) | မြောင်းမြ | မြောင်းမြ |
| ၁၃၅ | မထက်အိန္ဒြာကျော် | အထက(၁)ဝါးခယ်မ | ဝါးခယ်မ | မြောင်းမြ |
| ၁၃၆ | မောင်ဉာဏ်မင်းထက် | ပညာခေတ်(ကပက)မအူပင် | မအူပင် | မအူပင် |
| ၁၃၇ | မနှင်းသန့်ရတီ | ပညာခေတ်(ကပက)မအူပင် | မအူပင် | မအူပင် |
| ၁၃၈ | မောင်ဘုန်းမင်းပြည့် | အထက(၃) | ဖျာပုံ | ဖျာပုံ |
| ၁၃၉ | မနွေးနွေးလှိုင် | အထက(၃) | ဖျာပုံ | ဖျာပုံ |
| ၁၄၀ | မောင်ဇေယျာထက် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၄၁ | မနန္ဒာမိုးဦး | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၄၂ | မောင်လင်းထက် | အထက(၁၁)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၄၃ | မပြည့်ဝန်းလဲ့ကြည် | အထက(၁)ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား |
| ၁၄၄ | မောင်လမင်းထွန်း | CAE (ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၄၅ | မနှင်းချယ်ရီလှိုင် | အထက(၁)ဇေယျာသီရိ | ဇေယျာသီရိ | ဇေယျာသီရိ |

# အခြေခံပညာဦးစီးဌာန ၂၀၂၅ ခုနှစ် ကောဒသမတန်း(Grade 11)လူရည်ချွန်စာရင်း ကြေညာ

(ယမန်နေ့မှအဆက်)

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ကောဒသမတန်း(Grade 11)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၀၉ | မောင်စိုင်းဝင်းဘုန်းခန့် | The Golden School (ကပက) | တောင်ကြီး | တောင်ကြီး |
| ၁၁၀ | မအိသဉ္ဇာဝင်း | အထက(၁)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၁၁ | မောင်ဇေယျကိုကို | အထက(၅)အောင်ပန်း | ကလော | ကလော |
| ၁၁၂ | မသိမ့်သူဇာအောင် | အထက(၅)အောင်ပန်း | ကလော | ကလော |
| ၁၁၃ | မောင်ထင်အောင်ဝင်း | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၁၄ | မောင်ဖွဲ့ညီအောင် | အထက(ခွဲ)-ဂျရပ်ကွက် | နမ့်စန် | နမ့်စန် |
| ၁၁၅ | မဖြူစင်ကြယ် | အထက-မြို့မ | နမ့်စန် | နမ့်စန် |
| ၁၁၆ | နန်းအိအိထွေး | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၁၇ | မောင်အောင်ခန့်ဇင်ဖြိုး | အထက-မောက်မယ် | မောက်မယ် | လင်းခေး |
| ၁၁၈ | နန်းအွမ်ငင်းခေါင် | အထက-မိုင်းပန် | မိုင်းပန် | လင်းခေး |
| ၁၁၉ | စိုင်းသီဟအောင် | အထက(၂)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၂၀ | မရွှေရတီချို | အထက(၁)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၂၁ | မောင်လင်းထက်အောင် | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၂၂ | မအေးမြတ်စံ | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၂၃ | မောင်အားဂျေး | အထက -ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၂၄ | မဆွေဆွေသန့် | အထက -ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၂၅ | မောင်အောင်သိန်းမင်း | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ |
| ၁၂၆ | မဆောင်းသဇင် | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ |
| ၁၂၇ | မောင်ရဲထွဋ်အောင် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၂၈ | မမေစုခိုင် | စိန်ဂွန်း(ကပက) | ပုသိမ် | ပုသိမ် |
| ၁၂၉ | မောင်မြင့်မြတ်အောင် | အထက-ရေကြည် | ရေကြည် | ကျုံပျော် |
| ၁၃၀ | မကောင်းဆုဟံသာ | အထက(၂) | ကျောင်းကုန်း | ကျုံပျော် |
| ၁၃၁ | စကမ္မာပိုင်ဆိုင် | ဂုဏ်ထူးပန်းခင်း(ကပက) | ဟသ်ာတ | ဟသ်ာတ |
| ၁၃၂ | မဖူးဟေသာဖြိုး | ကြယ်တံခွန်(ကပက) | ဟသ်ာတ | ဟသ်ာတ |
| ၁၃၃ | မောင်ဇေလျှမ်းထက် | အထက - မဲဇလီကုန်း | အင်္ဂပူ | မြန်အောင် |
| ၁၃၄ | မအိမ့်ချစ်သဲ | အထက (၁) ကြံခင်း | ကြံခင်း | မြန်အောင် |
| ၁၃၅ | မောင်အောင်သူရ | အထက (၂) အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၃၆ | မထက်မြက်ရွှေရည် | အထက (၁) မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၃၇ | စောမေဖိုး | ပညာခေတ်(ကပက)မအူပင် | မအူပင် | မအူပင် |
| ၁၃၈ | မသဒ္ဒါခွန်းချို | အထက(၁)ဓနုဖြူ | ဓနုဖြူ | မအူပင် |
| ၁၃၉ | မောင်ဖွဲ့ထက်စံ | အထက(၁) | ဒေးဒရဲ | ဖျာပုံ |
| ၁၄၀ | မသွန်းဆုအိမ်စံ | အထက(၃) | ဒေးဒရဲ | ဖျာပုံ |
| ၁၄၁ | မောင်ရှိုင်းလင်းထက် | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၄၂ | မဂျူးမွန်လင်း | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၄၃ | မောင်စွမ်းသူအောင် | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၄၄ | မချိုသံလွင်ကို | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၄၅ | မောင်အောင်ကောင်းမြတ် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၄၆ | မသီရိရွှေစင် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

# အခြေခံပညာဦးစီးဌာန ၂၀၂၅ ခုနှစ် ဒသမတန်း(Grade 10)လူရည်ချွန်စာရင်း ကြေညာ

**(ယမန်နေ့မှအဆက်)**

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ ဒသမတန်း(Grade 10)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၀၇ | မောင်ဇင်မင်းအောင် | အထက-ပန်းတိုင် | ထန်းတပင် | မှော်ဘီ |
| ၁၀၈ | မသက်မွန်လင်း | အထက-မြောင်းတကာ | မှော်ဘီ | မှော်ဘီ |
| ၁၀၉ | မောင်ညီညီရှင်းသန့် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၁၀ | မဇွန်းဇွန်းဆုမြတ် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၁၁ | မောင်နန္ဒဝေယံ | အထက(၅)အောင်ပန်း | ကလော | ကလော |
| ၁၁၂ | မအိသဉ္ဇာစိုး | အထက-ပင်းတယ | ပင်းတယ | ပင်းတယ |
| ၁၁၃ | မောင်စိုင်းကျော်ဇင်သော် | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၁၄ | မောင်ဆက်ပိုင်လင်း | အထက-နမ့်စန် | နမ့်စန် | နမ့်စန် |
| ၁၁၅ | မသဇင်ဆွေ | အထက(ခွဲ)နောင်မိန်း | လဲချား | လွိုင်လင် |
| ၁၁၆ | မမေဘုန်းမဉ္ဇူ | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၁၇ | မောင်ထွန်းထွန်းဦး | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၁၈ | မစိမ့်ရတီချစ်စု | အထက-မိုင်းပန် | မိုင်းပန် | လင်းခေး |
| ၁၁၉ | မောင်မာန်ဇခိုင် | အထက(၁)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၂၀ | မအိလဲ့လဲ့ကျော် | အထက-မိုင်းရယ် | မိုင်းရယ် | တန့်ယန်း |
| ၁၂၁ | မောင်လင်းမြတ်ရှင်း | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၂၂ | မယွန်းသီရိ | ရတနာ (ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၂၃ | မောင်ဈာန်ထက်သီလ | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၂၄ | မအိမ့်နဒီကို | ရွှေမဟာ(ကပက) | တာချီလိတ် | တာချီလိတ် |
| ၁၂၅ | မောင်ဇန်သစ်ထူး | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၂၆ | မယဉ်ယဉ်ထွေး | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ |
| ၁၂၇ | မောင်သော်ကောင်းခန့် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၂၈ | မသင်းသဇင်ထက် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၂၉ | မောင်လင်းထက်နိုင် | အထက-ရေကြည် | ရေကြည် | ကျုံပျော် |
| ၁၃၀ | မစုစန္ဒီထက် | ယောနသံ(ကပက) | ကျုံပျော် | ကျုံပျော် |
| ၁၃၁ | မောင်ထွန်းပြည့်လျှံဝေ | အထက(၃)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၃၂ | မဒါလီလင်းလက် | အထက(၅)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၃၃ | မောင်လင်းလင်းဘုန်းလူ | အထက - ဘက်ရဲ | ကြံခင်း | မြန်အောင် |
| ၁၃၄ | မခွန်းချိုသာဇော် | အထက(၁)ကြံခင်း | ကြံခင်း | မြန်အောင် |
| ၁၃၅ | မောင်သုတပိုင် | အထက(၂)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၃၆ | မမြယမင်းလွင် | အထက(၂)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၃၇ | မောင်ဝေယံကျော် | ပညာခေတ်(ကပက)မအူပင် | မအူပင် | မအူပင် |
| ၁၃၈ | မသော်တာစန်း | အထက(၁)မအူပင် | မအူပင် | မအူပင် |
| ၁၃၉ | မောင်ကောင်းဇေသန့် | အထက(၁)ဖျာပုံ | ဖျာပုံ | ဖျာပုံ |
| ၁၄၀ | မရှင်းထက်လွင် | အထက(၃) | ဒေးဒရဲ | ဖျာပုံ |
| ၁၄၁ | မောင်ထူးမြတ်အောင် | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၄၂ | မဆုစန္ဒီတိုး | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၄၃ | မောင်စွမ်းထက်နိုင် | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၄၄ | မရွှေရေးချယ် | ပညာပန်းတိုင်(ကပက) | ပျဉ်းမနား | ပျဉ်းမနား |
| ၁၄၅ | မောင်စည်သူအောင် | အထက-ကျည်တောင်ကန် | ပုဗ္ဗသီရိ | ဇေယျာသီရိ |
| ၁၄၆ | မမျိုးသီရိမောင် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

# အခြေခံပညာဦးစီးဌာန ၂၀၂၅ ခုနှစ် နဝမတန်း(Grade 9)လူရည်ချွန်စာရင်းကြေညာ

**(ယမန်နေ့မှအဆက်)**

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၅ ခုနှစ်၊ နဝမတန်း(Grade 9)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၀၆ | မကြယ်စင်သင်း | အထက(၂) | မင်္ဂလာဒုံ | မင်္ဂလာဒုံ |
| ၁၀၇ | မောင်စွမ်းရည်လင်း | အထက-ရွာသာ | တိုက်ကြီး | တိုက်ကြီး |
| ၁၀၈ | မလမင်းအိမ် | အထက-တိုက်ကြီး (စက်၊စိုက်၊မွေး) | တိုက်ကြီး | တိုက်ကြီး |
| ၁၀၉ | မောင်စည်သူထိုက် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၁၀ | မထက်ထက်အောင် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၁၁ | မောင်ပြည့်ခန့်ဇော် | အထက(၅)အောင်ပန်း | ကလော | ကလော |
| ၁၁၂ | မသျှင်းသူသူမောင် | အထက(၅)အောင်ပန်း | ကလော | ကလော |
| ၁၁၃ | စိုင်းအွမ်ပင်းမှိုင်း | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၁၄ | မောင်ဇေယျာအောင် | အထက-နမ့်စန် | နမ့်စန် | နမ့်စန် |
| ၁၁၅ | မဖြိုးပြည့်ပြည့်ဇင် | အထက-နမ့်စန် | နမ့်စန် | နမ့်စန် |
| ၁၁၆ | နန်းဆောင်းဝတီမျိုးမြင့် | အထက-မိုးနဲ | မိုးနဲ | မိုးနဲ |
| ၁၁၇ | မောင်ပိုင်ဇေမိုး | အထက-မိုင်းပန် | မိုင်းပန် | လင်းခေး |
| ၁၁၈ | မဆောင်းနဒီ | အလက(ခွဲ)-ဈေးတန်း | မောက်မယ် | လင်းခေး |
| ၁၁၉ | မောင်မြင့်မြတ်ဖြိုး | အထက(၂)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၂၀ | မခင်စန္ဒီမောင် | အထက(၂)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၂၁ | မောင်မောင်တည်ငြိမ်းချမ်း | အထက (၂) ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၂၂ | မရတနာဖြိုး | အထက(၇) ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၂၃ | မောင်အားမာန် | အထက-ဟောင်လိတ် | တာချီလိတ် | တာချီလိတ် |
| ၁၂၄ | မနန်းကိန်ဆီဟွမ် | အထက-ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၂၅ | စိုင်းဆိုင်ဖွန် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၂၆ | မခြူးမြတ်ကြယ်စင် | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ |
| ၁၂၇ | မောင်လင်းလက်ဖြိုး | အထက-ငပုတော | ငပုတော | ပုသိမ် |
| ၁၂၈ | မရွှန်းလက်ပိုင်မှူး | အထက-သာပေါင်း | သာပေါင်း | ပုသိမ် |
| ၁၂၉ | မောင်အောင်စွမ်းပြည့် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ကျုံပျော် |
| ၁၃၀ | မသက်ထားစံ | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ကျုံပျော် |
| ၁၃၁ | မောင်အောင်ထက်ဇေ | အထက(၁)ဇလွန် | ဇလွန် | ဟင်္သာတ |
| ၁၃၂ | မဝတ်ရည်ဖြိုး | အထက(၃)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၃၃ | မောင်သော်ဇင်လင်း | အထက - ချင်းမြောင် | ကြံခင်း | မြန်အောင် |
| ၁၃၄ | မယောဟဏီသွင် | အထက - ဘက်ရဲ | ကြံခင်း | မြန်အောင် |
| ၁၃၅ | မောင်ဥက္ကာဗိုလ်ဗိုလ် | အထက (၂)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၃၆ | မဇွန်မီမီမောင် | အထက (၁)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၃၇ | မောင်ထူးအံ့လင်း | ပညာခေတ်(ကပက)မအူပင် | မအူပင် | မအူပင် |
| ၁၃၈ | မအိမ့်ဖူးမွန် | အထက(၁)မအူပင် | မအူပင် | မအူပင် |
| ၁၃၉ | မောင်ဘုန်းသန့်လင်း | အထက(၁) | ကျိုက်လတ် | ဖျာပုံ |
| ၁၄၀ | မသော်ထူးစံ | အထက(၁) | ဒေးဒရဲ | ဖျာပုံ |
| ၁၄၁ | မောင်ခန့်တေဇမောင် | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၁၄၂ | မရွှေပြည့်ပြည့် | အထက(၁) လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၄၃ | မောင်ဥက္ကာမင်းသန့် | အထက(၈)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၄၄ | မဖြူစင်ပြည့်ဖြိုး | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၄၅ | မောင်စွမ်းရည်နန္ဒ | ခေတ်ရှေ့ဆောင်(ကပက) | ပုဗ္ဗသီရိ | ဇေယျာသီရိ |
| ၁၄၆ | မအိန္ဒြေဆုပြည့် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၄၅၈ ဦး လွှဲပြောင်းပေးအပ်ပြီး ၂၅၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၇

မြန်မာ – တရုတ် – ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းလျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့–ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၄၅၈ ဦးကို ယနေ့တွင် သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ပြီး ပြည်ပနိုင်ငံသား ၂၅၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည်။



အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို လွှဲပြောင်းပေးအပ်စဉ်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ရာယနေ့တွင် တရုတ်နိုင်ငံသား ၄၅၆ ဦးကို မြန်မာ–ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားနှင့် ထိုင်းနိုင်ငံသားနှစ်ဦးကို မြန်မာ–ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားတို့မှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ၍ ပြည်နှင့်လွှဲပြောင်းပေးရာ အဆိုပါလွှဲပြောင်းပေးအပ်ပွဲသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ ကိုယ်စားလှယ်များထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အလားတူ ယနေ့တွင် မြဝတီမြို့–ရွှေကုက္ကိုလ်နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၅၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေးလိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၄၅၈၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၁၆၇၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၉၁၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Yasin Optic” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၆)ရပ်ကွက်နေ အောင်ကျော်မြင့်(ခ)ယူနစ်အား နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ “Anseathesia.YP” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အရှေ့ဆည်ကုန်းကျေးရွာနေ ရဲမင်းပိုင်(ခ)ဖိုးထောင်အား ညနေ ၆ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒဂုံတက္ကသိုလ်၌ အဆို၊ အက၊ အတီး (အခြေခံ) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံတက္ကသိုလ်၌ ဒဂုံတက္ကသိုလ်အနုပညာအသင်းကကြီးမှူးသော အဆို၊ အက၊ အတီး(အခြေခံ) သင်တန်းဆင်းပွဲ အခမ်းအနားကို အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အမှာစကားပြောကြားသည်။ ထို့နောက် ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များက အဆို၊ အက၊ အတီး(အခြေခံ)သင်တန်း၌ သင်ကြားပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး အဆို၊ အက၊ အတီး(အခြေခံ)သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များနှင့် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင်ဆုရရှိသူများ၊ ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)တွင် ပါဝင်ဖျော်ဖြေခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ယင်းနောက် အလှူရှင်များက ဒဂုံတက္ကသိုလ်အနုပညာအသင်းအတွက် တူရိယာပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ရာ ဒဂုံတက္ကသိုလ်မှ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇွဲမင်းထက်(ပြန်/ဆက်)**

# မြင်းခြံမြို့အနောက်ဘက်ခြမ်းရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၇

မန္တလေးတိုင်းဒေသကြီးမြင်းခြံမြို့ အနောက်ဘက်ခြမ်းရှိကျေးရွာများအား မတ် ၄ ရက်မှ ၆ ရက်အထိ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းအတု၊ သတင်းအမှားများရေးသား ဖြန့်ဝေလျက်ရှိကြောင်းသိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းပြောကြားချက်အရ အကြမ်းဖက်သမားများသည် ထိခိုက်ကျဆုံးမှုများ များလာသဖြင့် ကျေးရွာများအတွင်း ဝင်ရောက်၍ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းနှင့် ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လာပြီး ၎င်းတို့အလိုကျ လိုက်ပါလုပ်ဆောင်ခြင်းမရှိသည့် ကျေးရွာများအားမီးရှို့ဖျက်ဆီးခြင်း၊ Drop Bomb ချတိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူအားလုံးအသိပင်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားကင်းမဲ့သည့် လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် ဖြစ်စဉ်ဖြစ်ရပ် လွဲမှားသည့်သတင်းများဖြင့် မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

■ **ကျောဖုံးမှ**

အဆိုပါလေးမြွှာပူးကိုယ်ဝန်၏ခွဲစိတ်ကုသမှုကို ပါမောက္ခ/ဌာနမှူး (သားဖွားမီးယပ်) ပါမောက္ခ ဒေါက်တာခင်မေသင်း ဦးဆောင်သော သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးများအဖွဲ့၊ တွဲဖက်ပါမောက္ခ ဒေါက်တာချိုချို ဦးဆောင်သော မေ့ဆေးပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ/ဌာနမှူး (မွေးကင်းစ) ပါမောက္ခဒေါက်တာနမ့်စမ်းစမ်းအေး ဦးဆောင်သော မွေးကင်းစကလေး အထူးကု ဆရာဝန်ကြီးများအဖွဲ့နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်လင်းအေးနှင့် ဆေးရုံစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ သူနာပြုများအဖွဲ့၊ ကျွမ်းကျင် ဝန်ထမ်းများနှင့် အထောက်အကူပြု ဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ယင်း လေးမြွှာပူးကိုယ်ဝန်မှ ကိုယ်အလေးချိန် 1.21 kg၊ 1.52 kg၊ 1.28 Kg နှင့် 0.91 kg ရှိ မိန်းကလေးလေးဦး တို့ကို ခွဲစိတ်မွေးဖွားနိုင်ခဲ့ပြီး မိခင်နှင့် ကလေးများ၏ ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိ၍ ကလေးများကို မွေးကင်းစကလေး အထူးကြပ်မတ် ကုသဌာနရှိ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၊ ကျွမ်းကျင် သူနာပြုများက လိုအပ်သော ပြုစုကုသမှုများ ဆောင်ရွက်ပေးလျက် ရှိ ကြောင်း သိရသည်။




**သတင်းစဉ်**

✪ **One Friday မှ**

ကောင်းရယူနိုင်ခြင်းမရှိပေ။ သက်ပိုင်အောင်သည် ဒုတိယအချီအစအထိ ဟာရူယုကီကို အပြန်အလှန်ထိုးသတ်နိုင်သော်လည်း ဒုတိယအချီ တစ်မိနစ်နောက်ပိုင်းမှ ပြိုင်ဘက်၏ ဖိအားပေးခြင်းခံခဲ့ရကာ အမှတ်စဉ် တစ်ကြိမ်ရေတွက်ခံခဲ့ရသလို ၂ မိနစ် ၂၇ စက္ကန့်တွင် အလဲထိုးခံရခြင်းဖြစ်သည်။ ဟာရူယုကီသည် ONE နှင့် လက်တွဲပြီး လေးပွဲဆက်တိုက် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-ONE Championship**

❖ **ယူရိုပါလိဂ်မှ**

ရိုးမားအသင်းနဲ့ ဘီဘာအိုအသင်းတို့ပွဲစဉ်မှာ ဘီဘာအိုအသင်းက ပွဲကစားချိန် ၈၅ မိနစ်မှာ ဗီရေး နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာကြောင့် ကစားသမားတစ်ယောက်လျော့နဲ့ ကစားခဲ့ရတာ ဖြစ်ပါတယ်။

လာဇီယိုအသင်းကတော့ ဗစ်တိုးရီးယားပယ်လ်ဇန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ လာဇီယိုအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၁၈ မိနစ်မှာ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် ဒုတိယပိုင်း ပွဲကစားချိန် ၅၃ မိနစ်မှာ ဗစ်တိုးရီးယားပယ်လ်ဇန်အသင်းကို ချေပဂိုးပြန်ပေးခဲ့ရတာ ဖြစ်ပါတယ်။ လာဇီယိုအသင်းအနေနဲ့ အနိုင်ဂိုးပြန်လည်ရရှိရေး ကြိုးပမ်းရင်း ပွဲကစားချိန် ၇၇ မိနစ်မှာ ရိုဗယ်လာနဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို သုံးမိနစ်မှာ ဂျီဂေါ့တို့ တိုက်ရိုက်အနီကတ်ပြထုတ်ပယ် ခံခဲ့ရတာဖြစ်ပေမယ့် နာကျင်အချိန်ပို ရှစ်မိနစ်မှာ အီဆက်ဆန်ရဲ့သွင်းဂိုးရရှိခဲ့လို့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခြားသော ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တွေထဲမှာ ဖရန့်ဖက်အသင်းက အေဂျက်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရိန်းဂျားစ်အသင်းက ဖီနာဘာချီအသင်းကို သုံးဂိုး-တစ်ဂိုး၊ လိုင်ယွန်အသင်းက FCSB အသင်းကို သုံးဂိုး-တစ်ဂိုး၊ ဘိုဒိုအသင်းက အိုလံပီယာကို့စ်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ အေဇက်အသင်းက စပါးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ရီးယဲလ်ဆိုစီဒက်အသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ စီမံကိန်းမန်နေဂျာရုံး(၁) (ရွှေစာရံ)၊ စီမံကိန်းမန်နေဂျာရုံး(၃) (ရွှေတောင်)၊ မဟာဓာတ်အားလိုင်းမှူးရုံး(ချောက်)၊ မဟာဓာတ်အားလိုင်းမှူးရုံး (မော်လမြိုင်)၊ မဟာဓာတ်အားလိုင်းမှူးရုံး(ပြည်)၊ သန်လျင်ပင်မဓာတ်အားခွဲရုံနှင့် တောင်ငူပင်မဓာတ်အားခွဲရုံများမှ ရုံးသုံးစက်ပစ္စည်းအဟောင်းများ၊ သုံးစွဲရန်မသင့်သည့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံသုံးပစ္စည်းအဟောင်းများနှင့် တာယာအဟောင်းများကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ လေလံပုံစံများကို အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | လေလံပုံစံရောင်းချမည့်ရက် | - | သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (ရုံးချိန်အတွင်း) |
| (ခ) | လေလံပုံစံရောင်းချမည့်နေရာ | - | ရုံးအမှတ် (၂၇)၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန |
| (ဂ) | လေလံပိတ်မည့်ရက်/အချိန် | - | ၂၁-၃-၂၀၂၅ ရက် (၁၀:၀၀)နာရီ |
| (ဃ) | လေလံဖွင့်မည့်ရက်/အချိန် | - | ၂၂-၃-၂၀၂၅ ရက် (၁၃:၀၀)နာရီ |

၂။ လေလံပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၊ ပစ္စည်းစီမံရေးဌာန ၊ ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း- ၀၆၇-၃၄၁၀၂၀၉ ၊ ၀၆၇-၃၄၁၀၂၈၂၊ ၀၆၇-၃၄၁၀၃၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးတင်ဒါကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန ၊ ရုံးအမှတ်(၂၇) ၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉ ၊ ၀၆၇-၃၄၁၀၂၈၂၊ ၀၆၇-၃၄၁၀၃၉၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဠ-တိုးချဲ့)၊ မြေကွက်အမှတ် (၈၅)၊ မြေဧရိယာ (၃၆၀၀) စတုရန်းပေ အကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ပူးတွဲအမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော **ဦးအောင်နိုင် (ဘ) ဦးမြင့် [၁၂/တမန (နိုင်)၀၃၅၇၄၉] နှင့် ဒေါ်ခင်သီတာ (ဘ) ဦးညွန့်စင် [၁၂/တမန (နိုင်)၀၀၀၈၉၉]**၊ အမှတ် (၈၁၁)၊ ဇေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေသူများထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ(H.GP,LL,B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅ )** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ ဇီဇဝါလမ်း၊ မြေကွက်အမှတ်(၆)၊ မြေအကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးစံလှိုင်(MGF-၁၁၆၈၅၁)** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက် ဖခင် ဖြစ်သူမှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏သားသမီးများဖြစ်ကြသော **၁။ ဒေါ်အေးအေးဝင်း [၈/ပခက(နိုင်) ၁၃၇၉၈၇]၂။ ဒေါ်ချိုချိုဝင်း [၈/ပခက(နိုင်)၀၄၁၆၀၇] ၃။ဒေါ်စီစီဝင်း [၈/ပခက(နိုင်)၀၁၅၄၄၉] ၄။ ဦးအောင်တင်ဝင်း [၈/ပခက(နိုင်)၀၁၅၄၅၁] ၅။ဒေါ်မိုးစန္ဒာ[၈/ပခက(နိုင်) ၀၁၅၄၇၀] ၆။ ဒေါ်ခင်မူယာ [၈/ပခက(နိုင်)၀၁၅၀၅၆]**တို့သည် အမွေဆက်ခံပိုင်ဆိုင်ထားပြီး မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၅၅၆၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** |
| | **(စဉ်-၅၆၆၆၂)** |
| | **အထက်တန်းရှေ့နေများ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ မြို့မရပ်ကွက်၊ အောင်သုခ(၆)လမ်း၊ အမှတ် (မမ/၂၅၁)၊ ကွင်းအမှတ်(၅၀)၊ ကွင်းအမည် (ဈေးပိုင်းကွင်း)၊ ဦးပိုင်အမှတ်(ဈ/၆၄/၆၆)၊ ဒေါ်ခင်ထွေးရီ(ခ)ဒေါ်ခင်ဆွေရီ အမည်ဖြင့် ဧရိယာ (၀.၀၃၄)ဧကရှိ မြေနှင့် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမှုအခင်း အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု အဆိုရှိသူများဖြစ်သော- (၁) ဒေါ်နီနီစန်း (ဘ) ဦးသောင်းရွှေ [၁၂/လကန (နိုင်)၀၀၃၄၀၉]၊ (၂) ဒေါ်သီသီစန်း (ဘ) ဦးသောင်းရွှေ [၁၂/လကန(နိုင်)၀၀၃၄၀၈] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဥ္စူအေးသိန်း (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၂၂၅၇**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။ ၀၉-၅၀၄၁၄၈၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/ဂုဏ်တန်ရပ်)၊ ဦးပိုင်အမှတ်(၂-ဃ)၊ မြေဧရိယာ(၀.၂၅၀)ဧက၊ ဒေါ်တင်တင်နွယ်(ဘ)ဦးဘသိန်း [၉/လဝန(နိုင်)၀၃၃၂၅၄] အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား ဒေါ်တင်တင်နွယ် မှ မြေငှားစာချုပ်မူရင်းတင်ပြ၍ ဦးပေါ်လွင်(ခ)တီအိုက်ကောက်(ဘ)ဦးစိန်လှိုင် [၉/လဝန(ပြု) ၀၀၀၀၁၃]နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် **မြေပုံ၊ မြေရာဇဝင်** လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ **မြေပုံ၊ မြေရာဇဝင်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်(၃၆၁) တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉ဘီ)၊ မြေကွက်အမှတ်(၉၅စီ/၄-၂)၊ ဧရိယာ(၀.၄၁၅)ဧက၊ မြေအမျိုးအစား-ဂရန်ရှိမြေပိုင်မြေ၊ မြေအမည်ပေါက် ဒေါ်ကေဆာကုမာရီ(ခ)ကက်သလင်းသာပါ [၁၂/စခန(နိုင်)၀၅၇၁၆၇] မြေကွက်အား အမည်ပေါက်ဖြစ်သူ (မိခင်)ဒေါ်ကေဆာကုမာရီ(ခ) ကက်သလင်းသာပါသည် (၂၅-၁၂-၂၀၂၃) ရက်နေ့တွင်လည်းကောင်း၊ (ဖခင်)ဦးဒါဝတ်ဂျမားလ်သည် (၂၉-၂-၁၉၉၂)ရက်နေ့တွင် လည်းကောင်း အသီးသီး ကွယ်လွန်ကြပြီး၊ ၎င်းတို့တွင် သားသမီးအရင်းများ ဖြစ်ကြသော ဦးအာရွတ်၊ ဦးအင်မာရန်ဂျမားလ်၊ ဦးဝါဟစ်ဂျမားလ်တို့ ညီအစ်ကို(၃)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်း၊ အခြားသော သားသမီး/ မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းတို့မိသားစုသည် အစ္စလာမ်ဘာသာကိုးကွယ်သူများဖြစ်ကြောင်းနှင့် ကွယ်လွန်သူမိဘများသည် မကွယ်လွန်မီက မည်သည့်သေတမ်းစာတစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်း မရှိကြောင်း၊ အမည်ပေါက် မိခင်နှင့်ဖခင်ဖြစ်သူတို့အသီးသီးကွယ်လွန်ပြီးနောက် ကျန်ရစ်သူသားအရင်းများဖြစ်ကြသော ၎င်းတို့ ညီအစ်ကို(၃)ဦးကသာလျှင် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေနှင့်အညီ တရားဝင်အမွေ ဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားသော အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ဦးအာရွတ် [၁၂/စခန (နိုင်)၀၅၇၁၆၈]၊ ဦးအင်မာရန်ဂျမားလ် [၁၂/စခန(နိုင်)၀၄၃၉၀၈]၊ ဦးဝါဟစ်ဂျမားလ် [၁၂/စခန(နိုင်) ၀၄၃၉၀၉] တို့မှ လသာမြို့နယ်တရားရုံးတွင် ကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်-၁၂/၁၃၆၀/၂၀၂၄(၁၆-၁၂-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ မြေအမည်ပေါက်သည့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၂၈၄၉/၉၈ နှင့် အမှားပြင်စာချုပ်အမှတ်-၂၃၅၀/၉၈၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၅အိပ်ချ်၊မြေကွက်အမှတ်-၃၈၄၊ဧရိယာ(၀.၀၁၈)ဧက၊မြေကွက်တည်နေရာအမှတ်(၁၈)၊ဗိုလ်လရောင်လမ်း၊ဗိုလ်စိန်မှန်ရပ်ကွက်၊ဗဟန်းမြို့နယ်၊ဒေါ်တင်မြင့်(၁၂/ဗဟန(နိုင်)၀၄၄၀၂၃) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်(မိခင်)ဒေါ်တင်မြင့်သည်(၂၇-၆-၂၀၂၂)ရက်နေ့နှင့်(ဖခင်)ဦးကျော်ဇော(ခ)ဦးအုန်းဟန်သည်(၂-၁-၂၀၀၇)ရက်နေ့တို့တွင်အသီးသီးကွယ်လွန်သဖြင့်၎င်းတို့၏တစ်ဦးတည်းသောသားဖြစ်သူဦးမျိုးဇော်(၁၂/ဗဟန(နိုင်)၀၁၀၅၀၃)မှ၎င်းတစ်ဦးတည်းကိုသာမွေးဖွားခဲ့ပြီးအခြားကိုတ္တိမသားသမီးများမွေးစားထားခြင်းမရှိကြောင်းနှင့်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ၎င်းတစ်ဦးတည်းကသာအမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊အခြားအမွေဆက်ခံမည့်သူကျန်ရှိခြင်းမရှိပါကြောင်းမင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးမှတ်ပုံတင်အမှတ်-၂၃၀/၂၀၂၅(၈-၁-၂၀၂၅)ရက်နေ့ ကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဒေါ်တင်မြင့်နှင့်ဦးကျော်ဇော(ခ)ဦးအုန်းဟန်တို့၏သေဆုံးမှုလက်မှတ်များ၊နှစ်(၆၀)ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/ဥတ္တရသီရိမြောက်ရပ်၊ ဧရိယာ (၀.၂၅၇)ဧက၊ မြေကွက်အမှတ် (ဥ-၅၂၁၈)၊ ဒေါ်မေဖူးအောင်(ဘ)ဦးမြင့်အောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်စိုးပပလွင်(ဘ)ဦးစိုးမြင့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/ဗတထ(နိုင်)၀၁၀၀၉၄] (ပါ) ၂-ဦးတို့မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်တင်ပြ၍ ၎င်းတို့၏အမည်ဖြင့် **မြေငှားစာချုပ်အမည်ပြောင်း** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေငှားစာချုပ် အမည်ပြောင်း** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ မြေကွက်အမှတ်- ၃၁၇၊ မြေကွက်တည်နေရာအမှတ်-၃၁၇၊ ရောဝတီလမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးကိုကြီး(စီအီး-089504)အမည်ပေါက်၊ နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးကိုကြီးအား(တရားပြိုင်)ထားကာ ဒေါ်သီရိသဉ္ဇာအောင် [၁၂/ဒဂရ(နိုင်)၀၀၁၁၆၁]မှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တရားရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် (တရားရှုံး)ကိုယ်စား ဘီလစ် ဒေါ်မြင့်မြင့်ကြည် [၁၂/ဒပန(နိုင်)၁၂၈၃၄၂]မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် (၃၂/၂၀၂၄)၊ (၉-၁-၂၀၂၅)၊ တရားမဇာရီမှုအမှတ်(၃/၂၀၂၅) (၇-၂-၂၀၂၅)၊ တရားရှုံးအပေါ် အရောင်းအဝယ် မှတ်ပုံတင် စာချုပ် ချုပ်ဆိုပေးစေလိုမှု အနိုင်ဒီကရီချမှတ်သည့်စီရင်ချက်နှင့်အမိန့်၊ တရားရုံး နေ့စဉ်မှတ်တမ်း (ဘီလစ်ခန့်စာ)၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်ပေါ်တွင် တစ်ထပ်ခွဲတိုက်(၁)လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။ တရားနိုင်မှ ကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဘီလစ် ဒေါ်မြင့်မြင့်ကြည်မှ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# “သမားဂုဏ်ပြု သိဒ္ဓိစက်ပညာကျမ်း” စာအုပ်နှင့်ပတ်သက်၍ အထူးသတိပေးကြေညာချက်

**“သမားဂုဏ်ပြု သိဒ္ဓိစက်ပညာကျမ်း”** စာအုပ်ကိုရေးသားပြုစုသူမှာ **ဂမ္ဘီရစိန္တာမယ ဆရာနန်းအောင်လှိုင်** ဖြစ်ပါသည်။ ယင်းစာအုပ်သည် ရေးသားပြုစုသူ စာရေးဆရာဂမ္ဘီရ စိန္တာမယ ဆရာနန်းအောင်လှိုင် ဦးစိုးမိုးနိုင် [နိုင်ငံသားစိစစ်ရေးကတ်အမှတ်-၉/အမဇ(နိုင်)၀၉၁၁၂၂] သာလျှင် တစ်ဦးတည်းမူပိုင်ခွင့်ပိုင်ရှင် (Copyright Owner) ဖြစ်သည်။ ဤ **“သမားဂုဏ်ပြု သိဒ္ဓိစက်ပညာကျမ်း”** စာအုပ် မူပိုင်ခွင့်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ Aung Soe & Ace Top Law Firm ၌ မူပိုင်ခွင့်မှတ်ပုံတင်အမှတ်-**၂/မူပိုင်/စာအုပ်(A&A 2025)** အရ မှတ်ပုံတင်စာရင်းသွင်းထားပြီးလည်း ဖြစ်ပါသည်။




**A&A မူပိုင်ခွင့်မှတ်ပုံတင်အမှတ်-၂/မူပိုင်/စာအုပ် (A&A 2025)**

ဤ **“သမားဂုဏ်ပြု သိဒ္ဓိစက်ပညာကျမ်း”** စာအုပ်နှင့်ပတ်သက်၍ ပြုစုသူ **ဂမ္ဘီရစိန္တာမယ ဆရာနန်းအောင်လှိုင်**၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ တုပခြင်း၊ ကူးယူခြင်း၊ အလွဲသုံးစားပြုခြင်း၊ ဆင်တူယိုးမှားထုတ်ဝေခြင်း၊ Facebook အပါအဝင် အခြားလူမှုကွန်ရက်စာမျက်နှာများ၌ မူပိုင်ခွင့်ချိုးဖောက်ခြင်းများ မပြုလုပ်ရန် တားမြစ်လိုက်သည်။ လိုက်နာခြင်းမရှိပါက မူပိုင်ခွင့်ဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။ **ဂမ္ဘီရစိန္တာမယ ဆရာနန်းအောင်လှိုင် (ဦးစိုးမိုးနိုင်)၏ ဥပဒေဆိုင်ရာလွှဲအပ်ချက်အရ**

**ဦးအောင်စိုး B.A., R.L., D.B.L., D.M.L., D.I.L.,**
**Diploma in International Business Organisation (UK)**
**Diploma in International Intellectual Property Law (UK)**
**နိုတြီပဗ္ဗလစ်နှင့် တရားလွှတ်တော်ရှေ့နေ (စဉ်-၂၁၈၂/၈၂)**
**အမှတ်(၂၆)၊ ပထမထပ်၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၃၈၉၀၇၉၂**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၇-အက်ဖ်)၊ မြေကွက်အမှတ်(၁၇၅)၊ မြေကွက်လိပ်စာအမှတ်(၂)၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ်(၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်တွင် ဆောက်လုပ်ထားသည့် ၃-ခန်းတွဲ (၈)ထပ်တိုက်မှ ပထမထပ်(၂-လွှာ)ယာဘက်ခန်း၊ တိုက်မှမျက်နှာမူလျှင် (ယာ)ဘက်ခန်း၊ အကျယ်အဝန်း(၁၂ ½ ပေx ၅၀ပေ)ရှိတိုက်ခန်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ -**

**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

အထက်အမည်ပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါ်ခင်သိန်းဦး [၁၂/ကတတ(နိုင်)၀၂၀၇၁၉]၊ ဦးမြလွင်[၁၂/ကတတ(နိုင်)၀၂၀၇၂၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသန်းညွှန့် (LL.B)** | **ဦးနိုင်ထွဋ်လင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၇)** | **အထက်တန်းရှေ့နေ (စဉ်-၃၅၅၄၅)** |

**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၅၀၆၁၁၅၇၊ ၀၉-၇၈၅၅၀၆၁၁၅၇**

---

# “ဒေါ်အင်ကြင်းမျိုးဇင် [၁၂/ကမရ(နိုင်)၀၅၁၅၂၇] နှင့် ရှေ့နေ ဦးရဲမြတ်နောင် (စဉ်-၃၆၄၁၈)တို့ ကြားသိစေရန် ရှင်းလင်းကြေညာချက်”

(၆-၃-၂၀၂၅)ရက်နေ့ထုတ်၊ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၃ ၌ ဒေါ်အင်ကြင်းမျိုးဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ ရှေ့နေ ဦးရဲမြတ်နောင် (စဉ်-၃၆၄၁၈) က တာဝန်ယူ၊ တာဝန်ခံလျက် “အမွေပုံပစ္စည်းကိစ္စများရှင်းလင်းပေးရန် အသိပေးကြေညာခြင်း” ကြေညာချက်ပါ အကြောင်းခြင်းရာများ ပေါ်ပေါက်ဖြစ်ပွားခြင်းမရှိခဲ့သဖြင့် မည်သည့်ညှိနှိုင်းမှုမျှ ဆောင်ရွက်ပေးရန်မရှိကြောင်းနှင့် သက်သေအထောက်အထားမရှိသည့်အလားတူ ကြေညာချက်မျိုးကို တစ်နည်းနည်းဖြင့် ထပ်မံကြေညာလာခဲ့ပါက ကျွန်ုပ်အမှုသည်များက ဂုဏ်အသရေဖျက်မှုဖြင့် တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အမှုသည် ဒေါ်ခိုင်ဇာလွင်၊ ဒေါ်ဥမ္မာမေနှင့် ဦးမြတ်မောင်ရှင်တို့၏ လွှဲအပ်ချက်အရ ရှင်းလင်းကြေညာအပ်ပါသည်။

**အမှုသည်များ၏ လွှဲအပ်ချက်အရ**
**ဦးမောင်မောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၇၃)**
**ရုံးအမှတ်-၁၄၂/၁၄၄၊ (ဒုတိယထပ်)၊ လမ်း(၄၀)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

# ဖခင်အမည်မှန်

မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ ထနောင်းကွင်းကျေးရွာ အလက ကျောင်းတွင် ပညာသင်ကြားနေသော မသဉ္ဇာဝင်းနှင့် မောင်ဟိန်းမြတ်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော် [၈/တတက(နိုင်)၁၂၉၆၈၇] ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/တောင်၊ မြေကွက်အမှတ်-၁၀၆၇/ခ ၊ ဧရိယာ(၂၀'×၆၀')၊ မြေကွက်တည်နေရာအမှတ်( ၁၀၆၇/ခ )၊ ရန်မြေ(၅)လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးလှကျော် (KTW-၁၀၈၃၁၅)၊ ဦးတင်ဦး (CJ-၀၃၅၆၁၆) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်ဥမ္မာလှိုင်၊ ဒေါ်လှိုင်ဝေဖြိုး တို့မှ တရားလိုပြုလုပ်၍ အမည်ပေါက် ဦးလှကျော်၊ ဦးတင်ဦး တို့အား တရားပြိုင်ထားကာ မင်္ဂလာဒုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၅/၂၀၂၄ ဖြင့် ပဋိညာဉ်စာချုပ်ပါအတိုင်းမြေကွက်နှင့်နေအိမ်အား တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှုဖြင့် စွဲဆိုခဲ့မှုအပေါ် အနိုင်ဒီကရီချမှတ်သည့် ( ၂၀.၉.၂၀၂၄ )ရက်စွဲပါစီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၃၉/၂၀၂၄ ဖြင့် ဘီလစ်ခန့်အပ်ကြောင်းအမိန့်ချမှတ်သည့် ( ၃၁.၁၀.၂၀၂၄ )ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့် မင်္ဂလာဒုံမြို့နယ်တရားရုံး၏ ( ၃၁.၁၀.၂၀၂၄ )ရက်စွဲပါ စာအမှတ်-၇၂၅/၅-၁/၂၀၂၄ ဖြင့် တရားရုံးဒီကရီနှင့်အညီ မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်သွင်းချုပ်ဆိုနိုင်ရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခြင်း၊ မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်းစသော ဌာနဆိုင်ရာကိစ္စအဝဝကို တရားရုံးကိုယ်စား ရုံးတော်ဘီလစ် ဒေါ်နုနုလှိုင် (၁၂/ဥကမ (နိုင်) ၀၀၄၉၃၄) က လျှောက်ထားဆောင်ရွက်ခြင်း၊ မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်းများပြုလုပ်ရာတွင် အကူအညီပေးနိုင်ပါရန် ဌာနသို့ အကြောင်းကြားသည့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဘီလစ် ဒေါ်နုနုလှိုင် မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍( ၇ )ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉)၊ မြေကွက်အမှတ် (၉၂)၊ မြေကွက်တည်နေရာအမှတ်-၁၉၂၊ အောင်ဆုပန်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁) ဦးမောင်နီ ( CE-၀၄၈၇၁၄)၊ (၂) ဦးအေးနိုင် (KPW-၁၅၃၅၈၁) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးအေးနိုင် ခင်ပွန်းဖြစ်သူသည် (၂၅-၇-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်လှလှဝင်း [၁၂/ဗဟန(နိုင်)၀၃၃၅၈၀]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီးဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားသောဇနီး တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ဦးအေးနိုင်ပိုင်ဆိုင်သည့် အထက်ဖော်ပြပါမြေ၏ ထက်ဝက်အစု (ခြေရင်းခြမ်း)နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်း၏တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်လှလှဝင်းကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မိမိမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၁/၈၈၁/၂၀၂၅ (၁၅-၁-၂၀၂၅) အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ RC (၂)ထပ် (၁)လုံးပါပြီး၊ ကိုယ်တိုင်နေထိုင်ပြီး၊ ဒေါ်လှလှဝင်းမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ပိုင်ဆိုင်ကြောင်း မြေပုံကူး (Portion) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## မခင်သန္တာဦးနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံနေ ကိုရဲသီဟ [၁၂/ဥကမ(နိုင်)၁၉၅၅၂၈]နှင့် မခင်သန္တာဦး [၁၂/သခန(နိုင်)၁၄၂၃၆၇]တို့သည် (၂၀၂၂)ခုနှစ်ခန့်က တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြရာ မခင်သန္တာဦးမှာ (၁၃-၂-၂၀၂၅)ရက်နေ့တွင် ကျွန်ုပ်၏အမှုသည်နှင့် စကားများရန်ဖြစ်ကာ နေအိမ်မှထွက်သွားခဲ့ပြီး ယနေ့အချိန်ထိ ဆက်သွယ်ခဲ့ခြင်းမရှိသည့်အပြင် မခင်သန္တာဦးနှင့် ပတ်သက်သော ငွေကြေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းများအား မည်သို့မျှ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် ကျွန်ုပ်အမှုသည်ဓာတ်ပုံများကို အသုံးပြု၍ Facebook Social Media တွင်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ဂုဏ်သိက္ခာကျဆင်းစေရန် မဟုတ်မမှန် ဖော်ပြရေးသားမှုများမပြုလုပ်ရန် ဤကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်မှတစ်ဆင့် အသိပေးတားမြစ်အပ်ပြီး တားမြစ်ချက်များအား ဖောက်ဖျက်ကျူးလွန်လာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မခင်သန္တာဦးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဇင်တင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၆၉၃)**
**အမှတ်-၄၁(က)၊ အခန်းအမှတ် (၁-ဒီ)၊ ပ-ထပ်၊ တော်ဝင်မိုးစန္ဒာကွန်ဒို၊ မိုးစန္ဒာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၆၅၂၀၂၄၆၂**

---

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၀)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်-၁၂၉၀၊ အကျယ် (၄၀x ၆၀)ပေအနက်မှ ပေ (၂၀x၆၀)၊ ညာဘက်ခြမ်း (ဂရန်ခွဲစိတ်ဆဲ) မြေကွက်ကို အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်မူယာနွယ်[၁၂/သကတ(နိုင်)၁၅၄၁၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးလှ [၆/ထဝန(နိုင်)၀၁၁၈၁၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၁/၂၇-၂-၂၀၁၄)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ သဲကျွန်းကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/သဲကျွန်းအနောက်ရပ်၊ မြေကွက်အမှတ်(ဥသ-၂၁၅၀)၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်၏အမည်ပေါက် ဦးဝင်းနိုင်၊ အဖအမည် ဦးသိန်းမောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ရကန(နိုင်)၀၄၆၃၁၈] ကွယ်လွန်သွားသဖြင့် အမွေဆက်ခံခွင့်ရှိသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ရင်ရင်ဥ၊ အဖအမည် ဦးဘိုးသောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ရကန(နိုင်)၀၄၇၂၂၅] မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၃၇၈/၂၀၂၅) မူရင်း၊ မြေပေးမိန့်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ သေဆုံးခြင်းလက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေကွက်အမှတ် (ဥသ-၂၁၅၀) ကို ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၂၇စီ၁)၊ မြေကွက်အမှတ်-(၃၄) ပေါ်တွင်တည်ရှိသော တိုက်အမှတ်-(၈၁)၊ အခန်းအမှတ်(4/A)၊ ခေါင်းရင်းခြမ်း၊ (၄)လွှာ၊ မင်္ဂလာလမ်း၊ (စမ်း/မြောက်)ရပ်ကွက်၊ ဧရိယာ(၁၂ ½ ပေ x ၅၀ပေ)အကျယ်ရှိ တိုက်ခန်းနှင့် ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးယောဟန် [၁၃/နဆန(နိုင်)၀၄၇၅၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်မူရင်း စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်ရန် ဖိတ်ခေါ်အပ်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီအောင် (LL.B, Dip in Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၀၄)**
**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၄၁၈**

---

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၅၊ မြေကွက်အမှတ်- ၇၃၊ ဧရိယာ- ၀. ၁၁၀ ဧက ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃) ရပ်ကွက်၊ အာဇာနည်လမ်းသွယ် (၁)၊ အမှတ်-၇၃ ဟုခေါ်တွင်သော နှစ် (၆၀) မြေငှားဂရန်မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက်၍ တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်သည့် ဦးဇော်မျိုးဦး (၁၂/တမန (နိုင်) ၀၉၃၀၀၀) နှင့် ဦးကျော်ဇောအောင် (၁၂/တမန (ပြု) ၀၀၀၀၄၃) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူများ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရှိ သန်လျင်ရတနာအိမ်ရာစီမံကိန်းတွင် (၈)ခန်းတွဲ လူနေဆိုင်ခန်း၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၀၀၂)၏ မူလအမည်ပေါက်ဖြစ်သူ ဦးမျိုးဝင်းအောင် [၁၂/ဥကတ(နိုင်)၁၅၄၂၀၀] ထံမှအထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဦးစီ(ဝ်)ကူမား(ခ)ဦးစိုးဝင်း [၉/မရမ(နိုင်)၀၅၆၇၇၄]က အဆိုပါအခန်းအား ရောင်းချသဖြင့် ပြန်လည်ဝယ်ယူထားကြောင်း၊ အခန်းပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပျောက်ဆုံးနေကြောင်း ဌာနသို့တင်ပြ၍ ဦးနီရှ်မာလ်ကူမာ [၇/ဖမန(နိုင်)၁၀၀၃၇၅] က ၎င်း၏အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှ(၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ် (၉၂)၊ မြေကွက်တည်နေရာအမှတ်-၁၉၂၊ အောင်ဆုပန်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁) ဦးမောင်နီ (CE-၀၄၈၇၁၄)၊ (၂) ဦးအေးနိုင် (KPW-၁၅၃၅၈၁) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးမောင်နီအား တရားပြိုင်ထားကာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်-၁၃/၂၀၂၄ ခုနှစ်တွင် ဒေါ်လှလှဝင်းမှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉)၊ အောင်ဆုပန်လမ်း၊ မြေကွက်အမှတ်(၁၉၂)၊ ဧရိယာ (၀.၀၅၇) ဧက၊ (၄၂ x ၆၀)ပေရှိနှစ်(၆၀) ဂရန်မြေသည် တရားပြိုင် ဦးမောင်နီထံမှ ဒေါ်လှလှဝင်းသည် (၂၃-၃-၂၀၁၃) ရက်နေ့တွင် ဦးမောင်နီပိုင်ဆိုင်သည့် အစုဖြစ်သည့် (၂၁ x ၆၀) ပေ အကျယ်အဝန်းရှိခြေရင်းခြမ်း မြေကွက်ကို ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိခဲ့ပါကြောင်း၊ မြေကွက်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ (၈-၇-၂၀၂၄ )ခုနှစ်တွင် အနိုင်ဒီကရီ ချမှတ်ခဲ့ပြီး တရားမဇာရီမှုအမှတ်-၂၂/၂၀၂၄ ၏ နေ့စဉ်မှတ်တမ်း၊ (၁၄-၁-၂၀၂၅) ခုနှစ်တွင် ဘီလစ်ခန့်အပ်ရန် ချမှတ်သည့် ထုံးပုံကျအပြီးသတ်အမိန့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး၊ (၁၅-၁-၂၀၂၅) ရက်စွဲပါ စာအမှတ်-၂၉/၅-၁/၂၀၂၅ ၏ ဘီလစ်ခန့်စာ တရားရုံးကိုယ်စား ဘီလစ် ဒေါ်သန်းမြင့်ခိုင်(ခ)သန့်သန့်ခိုင် [၁၂/သဃက(နိုင်)၀၉၂၅၆၂]မှ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ တရားရုံးအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး (Portion) လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး၊ ခြံကာထားပြီး၊ တရားနိုင်သော့ဖွင့်ပြသ၍ တရားနိုင် ဒေါ်လှလှဝင်းမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုး ပေးပါသဖြင့် ဘီလစ် ဒေါ်သန်းမြင့်ခိုင်(ခ)သန့်သန့်ခိုင်၏ အရောင်းမြေပုံကူး (Portion ) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၂၁၊ နည်းဥပဒေ – ၂၂)**

**သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၂၈ နှင့် ဆက်နွှယ်သည့်**

**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၂၁၃**

ရိုးမဘဏ်လီမိတက် နှင့် ၁။ ဦးဝင်းဇော်ထိုက်
(၎င်းဘဏ်မှ ၂။ ဒေါ်အေးနန္ဒာထွေး
တာဝန်ပေးအပ်ခြင်းခံရသူ
ဒေါ်အေးအေးသီ ဘဏ်ခွဲမန်နေဂျာ)

**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး ၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃) ရပ်ကွက်၊ ကျေးတမာလမ်း၊ အမှတ် (၂၅၅) ရပ်နေ (၁) တရားရှုံး ဦးဝင်းဇော်ထိုက်နှင့် (၂) တရားရှုံး ဒေါ်အေးနန္ဒာထွေး (ယခုနေရပ်လိပ်စာ မသိသူ ) သိစေရမည်။

သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်၏ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၂၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခု ရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက်၊ (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း၁၃ ရက်)နေ့ မွန်းမတည့်မီ (၁၀း၀၀)နာရီအချိန်တွင် ဤရုံးတော် ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ဇင်ဇင်ခိုင် )**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁/ထူပါရုံ)ရပ်ကွက်၊ ထူပါရုံ (၁၁)လမ်းအရှေ့၊ အမှတ်(၁၃၈၀)နေ ဦးနေလှိုင်ဦး (ဘ) ဦးရဲနောင် [၁၂/သကတ(နိုင်)၁၄၉၃၉၈]၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်တင်တင်ဆွေ(ဘ) ဦးတင်ညွန့် [၁၂/မဂဒ(နိုင်)၀၆၈၆၀၂] ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဦးနေလှိုင်ဦး [၁၂/သကတ(နိုင်)၁၄၉၃၉၈]နှင့် ဒေါ်နေခြည်မိုး [၁၂/သကတ(နိုင်)၁၅၀၇၁၃]တို့သည် အကြင်လင်မယားအဖြစ်အတူ ပေါင်းသင်း နေထိုင်ခဲ့ကြရာ (၆–၉–၂၀၂၄)ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ပြုလုပ်ချုပ်ဆို၍ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ၎င်းတို့နှစ်ဦး ကွာရှင်းပြတ်စဲချိန်တွင် လင်မယားနှစ်ဦးပိုင်ပစ္စည်းများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁၁)လမ်းအရှေ့၊ အမှတ်(၁၃၉၅)၊ ၄လွှာဟုခေါ်တွင်သော (၁၈ပေx၅၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁၁)လမ်းအရှေ့၊ အမှတ်(၁၃၈၀)ဟုခေါ်တွင်သော (၁၀ပေx၆၀ပေ) အကျယ်အဝန်းရှိမြေနှင့်နေအိမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာ၊ ကုမုဒြာလမ်းသွယ်(၇)၊ (၄၀ပေx၄၀ပေ) အကျယ်အဝန်းရှိ မြေကွက်တို့သည် မခွဲဝေရသေးသည့် ဦးနေလှိုင်ဦးနှင့် ဒေါ်နေခြည်မိုးတို့၏ နှစ်ဦးပိုင်ပစ္စည်းများဖြစ်၍ ဦးနေလှိုင်ဦးသိရှိခြင်းမရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ပါရန် အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးနေလှိုင်ဦး၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်တင်တင်ဆွေ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နိုင်နိုင်ရွှေ (LL.B., D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၆၇၆၆)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဈ)၊ (ပ)ထပ်၊ ၃၅–လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၄၃၁၆၁၆၃၀**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ရိပ်သာ ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်–၁/ရုံးပိုင်းကွင်း၊ ဦးပိုင်အမှတ်– ၁၀၁/ဆ/၁၊ မြေကွက်လိပ်စာအမှတ်–(င/၆၅)၊ အနောက်မင်းလမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်ဟုခေါ်တွင်သော ဦးတင်ဦး အမည်ဖြင့် မှတ်သားတည်ရှိသည့် ၃ (ခ)မြေအမျိုးအစား၊ ဧရိယာ(၀.၁၄၂)ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အစိတ်အပိုင်းဖြစ်သည့် အကျယ်အဝန်း (၂၄ပေx၁၂၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အပိုင်ရောင်းချသူ ဦးတင်ဦး [၁၂/လကန(နိုင်)၁၀၂၃၈၄] မှ ၎င်းအမည်ဖြင့် မှတ်သားတည်ရှိသော အိမ်၊ မြေကွက်ဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမင်းသူ [၁၂/မဂဒ(နိုင်)၁၄၃၂၃၁] မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီလာဝင်း (LL.B)** **ဒေါ်ဂျာရိန်အောင်ဘု(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၂၃) အထက်တန်းရှေ့နေ(စဉ်– ၅၅၅၆၀)**
**အမှတ်(၂၁၉)၊ (၁၆)လမ်းအထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 09-778434507,09-794077590**

## မွန်ပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မင်းရွာကျေးရွာရှိ မွန်ပြည်နယ်တိုင်းရင်းသား ယဉ်ကျေးမှုစင်တာ လုပ်ငန်းနေရာတွင် တိုင်းရင်းသားရိုးရာအိမ်များ တည်ဆောက်ရေးစီမံကိန်း Zone(A) နှင့် Zone(B)တို့ကို ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများအနေဖြင့် Zone တစ်ခုချင်းအလိုက် အောက်ပါအတိုင်း စိတ်ဝင်စားမှုအဆိုပြုလွှာ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်–

(က) အဆိုပြုလျှောက်လွှာ ရောင်းချမည့်ရက်၊ အချိန်နာရီ – (၁၀–၃–၂၀၂၅) ရက်နေ့မှ (၂၄–၃–၂၀၂၅)ရက်နေ့အထိ (၁၀:၀၀)နာရီ မှ (၃:၀၀)နာရီအထိ
(ခ) အဆိုပြုလျှောက်လွှာတန်ဖိုး – (၅၀၀၀၀) ကျပ်
(ဂ) အဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်နေ့ရက်၊ အချိန် နာရီ – (၂၄–၃–၂၀၂၅)ရက်နေ့၊ တနင်္လာနေ့ (၁၅:၀၀)နာရီ
(ဃ) နေရာ – တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မွန်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး

၂။ တင်ဒါခေါ်ယူမှုနှင့်စပ်လျဉ်း၍ ယှဉ်ပြိုင်သည့် ကုမ္ပဏီမှသာ သိစေအပ်သည့် အသေးစိတ်အချက်အလက်များကို အခြားလူပုဂ္ဂိုလ်(သို့မဟုတ်) အဖွဲ့အစည်းသို့ ထုတ်ဖော်ပြောဆိုခြင်း မပြုပါကြောင်း သဘောတူညီချက် တင်ပြမှုဖြင့် လျှောက်လွှာရောင်းချပေးမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာတင်သွင်းသူများထံ အဆိုပြုလွှာ ဖွင့်လှစ်မည့်ရက်ကို ထပ်မံအကြောင်းကြားပေးပါမည်။

၄။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မွန်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်– ၀၉–၆၈၁၀၅၈၅၄၄ နှင့် ၀၉–၄၄၅၉၂၂၅၃၄သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

